| ၁၇၇၁။ | ၅၅၇၇၃၀ | တပ်ကြပ်ကြီး | ကျော်မင်းထွန်း |
| ၁၇၇၂။ | ၅၅၇၇၉၈ | တပ်ကြပ်ကြီး | ရွှေပူး |
| ၁၇၇၃။ | ၅၅၇၉၁၅ | တပ်ကြပ်ကြီး | မြင့်ထွန်း |
| ၁၇၇၄။ | ၅၅၈၀၂၉ | တပ်ကြပ်ကြီး | စိန်မောင် |
| ၁၇၇၅။ | ၅၅၈၀၃၅ | တပ်ကြပ်ကြီး | ဖြူစံမောင် |
| ၁၇၇၆။ | ၅၅၈၁၃၂ | တပ်ကြပ်ကြီး | ကျော်နိုင် |
| ၁၇၇၇။ | ၅၅၈၂၀၁ | တပ်ကြပ်ကြီး | မောင်နု |
| ၁၇၇၈။ | ၅၅၈၃၀၉ | တပ်ကြပ်ကြီး | တင်ဖေ |
| ၁၇၇၉။ | ၅၅၈၃၂၈ | တပ်ကြပ်ကြီး | သန်းဝင်း |
| ၁၇၈၀။ | ၅၅၈၃၆၇ | တပ်ကြပ်ကြီး | မြင့်အောင် |
| ၁၇၈၁။ | ၅၅၈၃၉၀ | တပ်ကြပ်ကြီး | စိုးမြင့် |
| ၁၇၈၂။ | ၅၅၈၄၀၁ | တပ်ကြပ်ကြီး | ခင်မောင်သန်း |
| ၁၇၈၃။ | ၅၅၈၄၁၈ | တပ်ကြပ်ကြီး | ထွန်းလှိုင် |
| ၁၇၈၄။ | ၅၅၈၄၂၅ | တပ်ကြပ်ကြီး | အောင်ခင် |
| ၁၇၈၅။ | ၅၅၈၄၃၅ | တပ်ကြပ်ကြီး | စိန်မြင့် |
| ၁၇၈၆။ | ၅၅၈၄၅၇ | တပ်ကြပ်ကြီး | ခင်မောင်သန်း |
| ၁၇၈၇။ | ၅၅၈၄၅၈ | တပ်ကြပ်ကြီး | စံဌေး |
| ၁၇၈၈။ | ၅၅၈၄၈၇ | တပ်ကြပ်ကြီး | လှဝင်း |
| ၁၇၈၉။ | ၅၅၈၄၉၆ | တပ်ကြပ်ကြီး | အောင်ကြိုင် |
| ၁၇၉၀။ | ၅၅၈၅၁၀ | တပ်ကြပ်ကြီး | ကျော်ဝင်း |
| ၁၇၉၁။ | ၅၅၈၅၆၇ | တပ်ကြပ်ကြီး | တင်စိုး |
| ၁၇၉၂။ | ၅၅၈၅၇၄ | တပ်ကြပ်ကြီး | မောင်မောင်သန်း |
| ၁၇၉၃။ | ၅၅၈၆၁၁ | တပ်ကြပ်ကြီး | စိုးမြင့် |
| ၁၇၉၄။ | ၅၅၈၈၄၁ | တပ်ကြပ်ကြီး | မောင်မောင်လေး |
| ၁၇၉၅။ | ၅၅၈၉၄၃ | တပ်ကြပ်ကြီး | တင်အောင် |
| ၁၇၉၆။ | ၅၅၈၉၇၃ | တပ်ကြပ်ကြီး | ဆိတ်ဘို |
| ၁၇၉၇။ | ၅၅၉၀၂၇ | တပ်ကြပ်ကြီး | လှဦးမောင် |
| ၁၇၉၈။ | ၅၅၉၀၃၂ | တပ်ကြပ်ကြီး | အေးမြင့် |
| ၁၇၉၉။ | ၅၅၉၀၅၉ | တပ်ကြပ်ကြီး | မြင့်ဆွေ |
| ၁၈၀၀။ | ၅၅၉၁၄၂ | တပ်ကြပ်ကြီး | အေးမောင် |

**မြန်မာနိုင်ငံစစ်မှုထမ်းသင်္ဂဟတံဆိပ်။ ။ အဆက်**

| | | | |
|---|---|---|---|
| ၁၈၀၁။ | ၅၅၉၁၈၂ | တပ်ကြပ်ကြီး | ဖြူဝင်း |
| ၁၈၀၂။ | ၅၅၉၁၈၈ | တပ်ကြပ်ကြီး | အောင်ဒင် |
| ၁၈၀၃။ | ၅၅၉၂၂၈ | တပ်ကြပ်ကြီး | မြထွန်း |
| ၁၈၀၄။ | ၅၅၉၃၃၃ | တပ်ကြပ်ကြီး | ကျော်မိုး |
| ၁၈၀၅။ | ၅၅၉၃၉၁ | တပ်ကြပ်ကြီး | စိန်ကုလား |
| ၁၈၀၆။ | ၅၅၉၃၉၃ | တပ်ကြပ်ကြီး | လှသန်း |
| ၁၈၀၇။ | ၅၅၉၄၂၀ | တပ်ကြပ်ကြီး | စိုးနိုင် |
| ၁၈၀၈။ | ၅၅၉၄၃၄ | တပ်ကြပ်ကြီး | ခင်မောင်တင့် |
| ၁၈၀၉။ | ၅၅၉၅၃၂ | တပ်ကြပ်ကြီး | အေးသိန်း |
| ၁၈၁၀။ | ၅၅၉၅၉၀ | တပ်ကြပ်ကြီး | ထွန်းထွန်း |
| ၁၈၁၁။ | ၅၅၉၆၁၃ | တပ်ကြပ်ကြီး | ထွန်းလှ |
| ၁၈၁၂။ | ၅၅၉၆၆၆ | တပ်ကြပ်ကြီး | ကျော်စိုး |
| ၁၈၁၃။ | ၅၅၉၇၅၅ | တပ်ကြပ်ကြီး | တင်ထွန်း |
| ၁၈၁၄။ | ၅၅၉၇၆၀ | တပ်ကြပ်ကြီး | ငြိမ်းရွှေ |
| ၁၈၁၅။ | ၅၅၉၉၁၉ | တပ်ကြပ်ကြီး | လှသောင်း |
| ၁၈၁၆။ | ၅၆၀၀၃၀ | တပ်ကြပ်ကြီး | အောင်မင်း |
| ၁၈၁၇။ | ၅၆၀၀၃၄ | တပ်ကြပ်ကြီး | ဌေးဝင်း |
| ၁၈၁၈။ | ၅၆၀၀၈၉ | တပ်ကြပ်ကြီး | အွမ်ဖေ |
| ၁၈၁၉။ | ၅၆၀၁၁၂ | တပ်ကြပ်ကြီး | ကံရီ |
| ၁၈၂၀။ | ၅၆၀၁၄၇ | တပ်ကြပ်ကြီး | ကျော်မြထွန်း |
| ၁၈၂၁။ | ၅၆၀၁၅၄ | တပ်ကြပ်ကြီး | ဇော်မင်းဦး |
| ၁၈၂၂။ | ၅၆၀၁၉၁ | တပ်ကြပ်ကြီး | စောလားပွဲ |
| ၁၈၂၃။ | ၅၆၀၂၀၃ | တပ်ကြပ်ကြီး | သန်းဦး |
| ၁၈၂၄။ | ၅၆၀၃၃၁ | တပ်ကြပ်ကြီး | စိန်သာလှ |
| ၁၈၂၅။ | ၅၆၀၃၄၃ | တပ်ကြပ်ကြီး | ခင်မောင်ညွန့် |
| ၁၈၂၆။ | ၅၆၀၄၄၉ | တပ်ကြပ်ကြီး | အောင်ဇာနည်ဦး |
| ၁၈၂၇။ | ၅၆၀၄၅၀ | တပ်ကြပ်ကြီး | မွန်အောင်လင်း |
| ၁၈၂၈။ | ၅၆၀၄၆၂ | တပ်ကြပ်ကြီး | ဌေးဝင်း |
| ၁၈၂၉။ | ၅၆၀၆၉၄ | တပ်ကြပ်ကြီး | ရီလွင် |
| ၁၈၃၀။ | ၅၆၀၇၁၃ | တပ်ကြပ်ကြီး | သန်းရွှေ |
| ၁၈၃၁။ | ၅၆၀၇၁၉ | တပ်ကြပ်ကြီး | အောင်ငွေ |
| ၁၈၃၂။ | ၅၆၀၇၃၂ | တပ်ကြပ်ကြီး | မြင့်လွင် |
| ၁၈၃၃။ | ၅၆၀၇၅၁ | တပ်ကြပ်ကြီး | အေးချို |
| ၁၈၃၄။ | ၅၆၀၈၀၀ | တပ်ကြပ်ကြီး | မျိုးဝင်း |
| ၁၈၃၅။ | ၅၆၀၈၁၁ | တပ်ကြပ်ကြီး | မောင်မောင် |
| ၁၈၃၆။ | ၅၆၀၈၃၃ | တပ်ကြပ်ကြီး | အောင်ဆန်းမြင့် |
| ၁၈၃၇။ | ၅၆၀၈၅၀ | တပ်ကြပ်ကြီး | သန်းအောင် |
| ၁၈၃၈။ | ၅၆၁၀၃၄ | တပ်ကြပ်ကြီး | အောင်ဝင်း |
| ၁၈၃၉။ | ၅၆၁၀၄၅ | တပ်ကြပ်ကြီး | ကြည်နိုင် |
| ၁၈၄၀။ | ၅၆၁၀၆၅ | တပ်ကြပ်ကြီး | ညွန့်မောင် |
| ၁၈၄၁။ | ၅၆၁၀၇၃ | တပ်ကြပ်ကြီး | လှိုင်တင် |
| ၁၈၄၂။ | ၅၆၁၁၁၄ | တပ်ကြပ်ကြီး | သိန်းလွင် |
| ၁၈၄၃။ | ၅၆၁၁၂၁ | တပ်ကြပ်ကြီး | စိုးညွန့် |
| ၁၈၄၄။ | ၅၆၁၁၃၉ | တပ်ကြပ်ကြီး | အေးကိုဝင်း |
| ၁၈၄၅။ | ၅၆၁၁၄၅ | တပ်ကြပ်ကြီး | ဝင်းကျော် |
| ၁၈၄၆။ | ၅၆၁၁၆၉ | တပ်ကြပ်ကြီး | စိုင်းပန်းဆာ |
| ၁၈၄၇။ | ၅၆၁၁၈၈ | တပ်ကြပ်ကြီး | နေဝင်း |
| ၁၈၄၈။ | ၅၆၁၁၉၃ | တပ်ကြပ်ကြီး | ခင်မြင့် |
| ၁၈၄၉။ | ၅၆၁၂၀၃ | တပ်ကြပ်ကြီး | လှဦး |

**မြန်မာနိုင်ငံစစ်မှုထမ်းသင်္ဂဟတံဆိပ်။ ။ အဆက်**

| | | | |
|---|---|---|---|
| ၁၈၅၀။ | ၅၆၁၂၂၃ | တပ်ကြပ်ကြီး | ဌေးဝင်း |
| ၁၈၅၁။ | ၅၆၁၂၅၆ | တပ်ကြပ်ကြီး | သိန်းဆွေ |
| ၁၈၅၂။ | ၅၆၁၂၈၈ | တပ်ကြပ်ကြီး | ဇော်မင်း |
| ၁၈၅၃။ | ၅၆၁၃၀၈ | တပ်ကြပ်ကြီး | တင်ဦး |
| ၁၈၅၄။ | ၅၆၁၃၁၀ | တပ်ကြပ်ကြီး | ခင်လှိုင် |
| ၁၈၅၅။ | ၅၆၁၃၄၇ | တပ်ကြပ်ကြီး | မြင့်လွင် |
| ၁၈၅၆။ | ၅၆၁၃၆၉ | တပ်ကြပ်ကြီး | သန်းဝင်း |
| ၁၈၅၇။ | ၅၆၁၄၄၉ | တပ်ကြပ်ကြီး | အေးကြူ |
| ၁၈၅၈။ | ၅၆၁၅၁၅ | တပ်ကြပ်ကြီး | စိုးပိုင် |
| ၁၈၅၉။ | ၅၆၁၅၇၂ | တပ်ကြပ်ကြီး | ဘက်ထရန်ဆင်မြူရယ် |
| ၁၈၆၀။ | ၅၆၁၆၀၄ | တပ်ကြပ်ကြီး | အောင်ငြိမ်း |
| ၁၈၆၁။ | ၅၆၁၆၁၆ | တပ်ကြပ်ကြီး | ကြည်မြင့် |
| ၁၈၆၂။ | ၅၆၁၆၂၉ | တပ်ကြပ်ကြီး | ကျော်ဟန် |
| ၁၈၆၃။ | ၅၆၁၆၃၁ | တပ်ကြပ်ကြီး | မြင့်စိုး |
| ၁၈၆၄။ | ၅၆၁၆၃၃ | တပ်ကြပ်ကြီး | ဟန်သောင်း |
| ၁၈၆၅။ | ၅၆၁၆၄၁ | တပ်ကြပ်ကြီး | မောင်မောင်မြင့် |
| ၁၈၆၆။ | ၅၆၁၇၆၀ | တပ်ကြပ်ကြီး | သောင်းမြင့် |
| ၁၈၆၇။ | ၅၆၁၉၅၆ | တပ်ကြပ်ကြီး | ညွန့်ဝေ |
| ၁၈၆၈။ | ၅၆၁၉၈၂ | တပ်ကြပ်ကြီး | မောင်ဝင်း |
| ၁၈၆၉။ | ၅၆၂၀၅၂ | တပ်ကြပ်ကြီး | မောင်မောင်စိုး |
| ၁၈၇၀။ | ၅၆၂၁၀၉ | တပ်ကြပ်ကြီး | ခင်သောင်း |
| ၁၈၇၁။ | ၅၆၂၁၁၈ | တပ်ကြပ်ကြီး | ကျော်အေး |
| ၁၈၇၂။ | ၅၆၂၁၃၁ | တပ်ကြပ်ကြီး | ဟာခွီးအွမ် |
| ၁၈၇၃။ | ၅၆၂၁၄၄ | တပ်ကြပ်ကြီး | မြင့်ဇော် |
| ၁၈၇၄။ | ၅၆၂၁၆၂ | တပ်ကြပ်ကြီး | မြင့်လွင် |
| ၁၈၇၅။ | ၅၆၂၁၆၄ | တပ်ကြပ်ကြီး | အောင်သန်း |
| ၁၈၇၆။ | ၅၆၂၁၈၄ | တပ်ကြပ်ကြီး | ရွှေမြအောင် |
| ၁၈၇၇။ | ၅၆၂၂၅၉ | တပ်ကြပ်ကြီး | မြကြိုင် |
| ၁၈၇၈။ | ၅၆၂၃၇၁ | တပ်ကြပ်ကြီး | ကျော်ကျော် |
| ၁၈၇၉။ | ၅၆၂၄၂၅ | တပ်ကြပ်ကြီး | ဟန်ဝင်း |
| ၁၈၈၀။ | ၅၆၂၆၈၈ | တပ်ကြပ်ကြီး | ဝေလင်း |
| ၁၈၈၁။ | ၅၆၂၈၆၅ | တပ်ကြပ်ကြီး | မောင်စိုး |
| ၁၈၈၂။ | ၅၆၂၈၈၁ | တပ်ကြပ်ကြီး | ခင်ဝင်း |
| ၁၈၈၃။ | ၅၆၂၉၇၀ | တပ်ကြပ်ကြီး | လှဦး |
| ၁၈၈၄။ | ၅၆၃၀၉၇ | တပ်ကြပ်ကြီး | ကျော်အေး |
| ၁၈၈၅။ | ၅၆၃၂၆၇ | တပ်ကြပ်ကြီး | မင်းအောင် |
| ၁၈၈၆။ | ၅၆၃၃၅၆ | တပ်ကြပ်ကြီး | ဇော်ထူး |
| ၁၈၈၇။ | ၅၆၃၄၄၈ | တပ်ကြပ်ကြီး | ခင်အေး |
| ၁၈၈၈။ | ၅၆၃၅၀၂ | တပ်ကြပ်ကြီး | ကျော်စွာ |
| ၁၈၈၉။ | ၅၆၃၅၂၃ | တပ်ကြပ်ကြီး | ဟန်သိန်း |
| ၁၈၉၀။ | ၅၆၃၇၁၅ | တပ်ကြပ်ကြီး | သိန်းရွှေ |
| ၁၈၉၁။ | ၅၆၃၈၀၅ | တပ်ကြပ်ကြီး | မြင့်အေး |
| ၁၈၉၂။ | ၅၆၃၈၈၈ | တပ်ကြပ်ကြီး | ညီတင် |
| ၁၈၉၃။ | ၅၆၃၉၁၂ | တပ်ကြပ်ကြီး | အုန်းမောင် |
| ၁၈၉၄။ | ၅၆၄၁၀၁ | တပ်ကြပ်ကြီး | မောင်မောင်ကြင် |
| ၁၈၉၅။ | ၅၆၄၁၁၈ | တပ်ကြပ်ကြီး | လှမြင့် |
| ၁၈၉၆။ | ၅၆၄၁၃၆ | တပ်ကြပ်ကြီး | ဖေတင် |
| ၁၈၉၇။ | ၅၆၄၁၅၄ | တပ်ကြပ်ကြီး | သိန်းထွန်း |
| ၁၈၉၈။ | ၅၆၄၁၇၆ | တပ်ကြပ်ကြီး | အေးကြွယ် |

**မြန်မာနိုင်ငံစစ်မှုထမ်းသင်္ဂဟတံဆိပ်။ ။ အဆက်**

| | | | | |
|---|---|---|---|---|
| ၁၈၉၉။ | | ၅၆၄၂၇၀ | တပ်ကြပ်ကြီး | တင်မိုး |
| ၁၉၀၀။ | | ၅၆၄၃၁၁ | တပ်ကြပ်ကြီး | မြင့်သန်း |
| ၁၉၀၁။ | | ၅၆၄၃၃၃ | တပ်ကြပ်ကြီး | ကျော်မိုး |
| ၁၉၀၂။ | | ၅၆၄၇၇၈ | တပ်ကြပ်ကြီး | ရတ်ဟမ်ဘမ်း |
| ၁၉၀၃။ | | ၅၆၅၈၆၄ | တပ်ကြပ်ကြီး | အေးလွင် |
| ၁၉၀၄။ | ရေ | ၁၉၆၂၆ | တပ်ကြပ်ကြီး | ရောဘတ် |
| ၁၉၀၅။ | ရေ | ၁၉၆၇၃ | တပ်ကြပ်ကြီး | မောင်မောင်ကျော် |
| ၁၉၀၆။ | ရေ | ၁၉၇၁၇ | တပ်ကြပ်ကြီး | အောင်မြင့် |
| ၁၉၀၇။ | ရေ | ၁၉၇၈၇ | တပ်ကြပ်ကြီး | အေးကို |
| ၁၉၀၈။ | ရေ | ၁၉၇၉၄ | တပ်ကြပ်ကြီး | ထွန်းသက် |
| ၁၉၀၉။ | ရေ | ၁၉၈၂၀ | တပ်ကြပ်ကြီး | ထွန်းထွန်းဦး |
| ၁၉၁၀။ | ရေ | ၁၉၈၇၇ | တပ်ကြပ်ကြီး | ဝင်းမြင့် |
| ၁၉၁၁။ | ရေ | ၁၉၈၉၇ | တပ်ကြပ်ကြီး | မျိုးအောင် |
| ၁၉၁၂။ | ရေ | ၁၉၉၁၁ | တပ်ကြပ်ကြီး | သုလင်း |
| ၁၉၁၃။ | ရေ | ၁၉၉၂၂ | တပ်ကြပ်ကြီး | ကျော်နိုင် |
| ၁၉၁၄။ | ရေ | ၁၉၉၈၈ | တပ်ကြပ်ကြီး | မြင့်ဦး |
| ၁၉၁၅။ | ရေ | ၂၀၁၄၄ | တပ်ကြပ်ကြီး | ကျော်ဆန်း |
| ၁၉၁၆။ | ရေ | ၂၀၁၅၆ | တပ်ကြပ်ကြီး | ကျော်ဦး |
| ၁၉၁၇။ | ရေ | ၂၀၂၀၃ | တပ်ကြပ်ကြီး | စောလောအယ် |
| ၁၉၁၈။ | ရေ | ၂၀၂၀၇ | တပ်ကြပ်ကြီး | ဉာဏ်စိန် |
| ၁၉၁၉။ | ရေ | ၂၀၂၆၆ | တပ်ကြပ်ကြီး | မြင့်ဟန် |
| ၁၉၂၀။ | လေ | ၁၈၈၆၁ | တပ်ကြပ်ကြီး | ထွန်းမြ |
| ၁၉၂၁။ | လေ | ၁၈၈၆၅ | တပ်ကြပ်ကြီး | သက်ဝင်း |
| ၁၉၂၂။ | | ၄၇၆၇၉၂ | တပ်ကြပ် | စံလှမောင် |
| ၁၉၂၃။ | | ၄၇၆၈၄၆ | တပ်ကြပ် | စိုးမြင့် |
| ၁၉၂၄။ | | ၅၂၀၈၈၁ | တပ်ကြပ် | ဝင်းအောင် |
| ၁၉၂၅။ | | ၅၃၉၄၁၉ | တပ်ကြပ် | အောင်လှိုင် |
| ၁၉၂၆။ | | ၅၃၉၅၁၈ | တပ်ကြပ် | ညွန့်လှိုင် |
| ၁၉၂၇။ | | ၅၄၂၇၈၇ | တပ်ကြပ် | ဝင်းမောင် |
| ၁၉၂၈။ | | ၅၄၃၃၉၆ | တပ်ကြပ် | ဝင်းမောင် |
| ၁၉၂၉။ | | ၅၄၃၄၁၄ | တပ်ကြပ် | ထွန်းစိန် |
| ၁၉၃၀။ | | ၅၄၄၁၃၆ | တပ်ကြပ် | စောလှိုင် |
| ၁၉၃၁။ | | ၅၄၄၅၃၂ | တပ်ကြပ် | အောင်မြင့်စိန် |
| ၁၉၃၂။ | | ၅၄၄၇၁၃ | တပ်ကြပ် | အောင်သန်းဝင်း |
| ၁၉၃၃။ | | ၅၄၅၀၉၇ | တပ်ကြပ် | မောင်ထွေး |
| ၁၉၃၄။ | | ၅၄၅၂၁၀ | တပ်ကြပ် | ကြည်ဆောင် |
| ၁၉၃၅။ | | ၅၄၅၃၃၁ | တပ်ကြပ် | မောင်ဒွေး |
| ၁၉၃၆။ | | ၅၄၅၄၀၉ | တပ်ကြပ် | ငွေတင် |
| ၁၉၃၇။ | | ၅၄၅၄၃၀ | တပ်ကြပ် | တင်နု |
| ၁၉၃၈။ | | ၅၄၅၄၄၇ | တပ်ကြပ် | ကျော်အေး |
| ၁၉၃၉။ | | ၅၄၅၉၅၀ | တပ်ကြပ် | အောင်မြင့် |
| ၁၉၄၀။ | | ၅၄၆၀၃၅ | တပ်ကြပ် | ထွန်းကြိုင် |
| ၁၉၄၁။ | | ၅၄၆၁၈၀ | တပ်ကြပ် | အေးမြင့် |
| ၁၉၄၂။ | | ၅၄၆၅၅၁ | တပ်ကြပ် | မောင်မောင်လတ် |
| ၁၉၄၃။ | | ၅၄၇၃၂၃ | တပ်ကြပ် | မောင်မောင်ထွေး |
| ၁၉၄၄။ | | ၅၄၇၃၉၆ | တပ်ကြပ် | သန့်ဇင် |
| ၁၉၄၅။ | | ၅၄၇၅၁၁ | တပ်ကြပ် | တင်ဦး |
| ၁၉၄၆။ | | ၅၄၇၆၃၂ | တပ်ကြပ် | ဉာဏ်ဝင်းအောင် |
| ၁၉၄၇။ | | ၅၄၈၀၅၆ | တပ်ကြပ် | ခင်မောင်သန်း |
| ၁၉၄၈။ | | ၅၄၈၁၀၀ | တပ်ကြပ် | တောင်လုံး |

**မြန်မာနိုင်ငံစစ်မှုထမ်းသင်္ဂဟတံဆိပ်။ ။ အဆက်**

| | | | |
|---|---|---|---|
| ၁၉၄၉။ | ၅၄၈၂၆၆ | တပ်ကြပ် | စိန်ဖြူ |
| ၁၉၅၀။ | ၅၄၈၃၈၀ | တပ်ကြပ် | တင်ဝင်းဆွေ |
| ၁၉၅၁။ | ၅၄၈၅၁၃ | တပ်ကြပ် | သောင်းညွန့် |
| ၁၉၅၂။ | ၅၄၈၆၂၉ | တပ်ကြပ် | ဟန်မြင့် |
| ၁၉၅၃။ | ၅၄၉၂၅၀ | တပ်ကြပ် | ကျော်သန်း |
| ၁၉၅၄။ | ၅၄၉၄၆၃ | တပ်ကြပ် | နိုင်ဝင်း |
| ၁၉၅၅။ | ၅၄၉၇၉၅ | တပ်ကြပ် | သိန်းလှိုင် |
| ၁၉၅၆။ | ၅၄၉၉၈၅ | တပ်ကြပ် | တင်ဝင်း |
| ၁၉၅၇။ | ၅၅၀၀၆၆ | တပ်ကြပ် | စောသန်းအေး |
| ၁၉၅၈။ | ၅၅၀၁၄၆ | တပ်ကြပ် | ထွေးအောင် |
| ၁၉၅၉။ | ၅၅၀၂၀၉ | တပ်ကြပ် | ဇော်ဝင်း |
| ၁၉၆၀။ | ၅၅၀၃၀၀ | တပ်ကြပ် | ဇော်ဝင်း |
| ၁၉၆၁။ | ၅၅၀၄၆၈ | တပ်ကြပ် | ပွန်ဆွန်းထန် |
| ၁၉၆၂။ | ၅၅၁၅၄၇ | တပ်ကြပ် | သိန်းထွန်း |
| ၁၉၆၃။ | ၅၅၁၈၈၂ | တပ်ကြပ် | စိုင်းဟုန်း |
| ၁၉၆၄။ | ၅၅၂၇၁၀ | တပ်ကြပ် | ဝင်းအောင် |
| ၁၉၆၅။ | ၅၅၂၇၁၆ | တပ်ကြပ် | အွမ်နိုင်း |
| ၁၉၆၆။ | ၅၅၂၇၈၉ | တပ်ကြပ် | လှဝင်းမောင် |
| ၁၉၆၇။ | ၅၅၂၈၇၃ | တပ်ကြပ် | ဝင်းတင် |
| ၁၉၆၈။ | ၅၅၂၉၈၁ | တပ်ကြပ် | စိုးဝင်း |
| ၁၉၆၉။ | ၅၅၃၀၉၂ | တပ်ကြပ် | ဝင်းရွှေ |
| ၁၉၇၀။ | ၅၅၃၁၇၉ | တပ်ကြပ် | တင်ညွန့် |
| ၁၉၇၁။ | ၅၅၃၁၈၂ | တပ်ကြပ် | ခင်မောင်ဆွေ |
| ၁၉၇၂။ | ၅၅၃၂၀၀ | တပ်ကြပ် | ညွန့်ဆောင် |
| ၁၉၇၃။ | ၅၅၃၃၂၂ | တပ်ကြပ် | လှသိန်း |
| ၁၉၇၄။ | ၅၅၃၅၄၂ | တပ်ကြပ် | အုံးငွေ |
| ၁၉၇၅။ | ၅၅၅၀၅၇ | တပ်ကြပ် | မြင့်အောင် |
| ၁၉၇၆။ | ၅၅၅၀၈၆ | တပ်ကြပ် | ခင်မောင်မြင့် |
| ၁၉၇၇။ | ၅၅၅၁၉၀ | တပ်ကြပ် | စံသိန်း |
| ၁၉၇၈။ | ၅၅၅၄၄၂ | တပ်ကြပ် | စောနောင် |
| ၁၉၇၉။ | ၅၅၅၅၀၅ | တပ်ကြပ် | ဘုကြီး |
| ၁၉၈၀။ | ၅၅၅၆၆၂ | တပ်ကြပ် | စိုးစိုး |
| ၁၉၈၁။ | ၅၅၆၁၃၈ | တပ်ကြပ် | ကိုကို |
| ၁၉၈၂။ | ၅၅၆၂၄၄ | တပ်ကြပ် | ကြည်ဝင်း |
| ၁၉၈၃။ | ၅၅၆၄၁၃ | တပ်ကြပ် | ဝင်းမြင့် |
| ၁၉၈၄။ | ၅၅၆၄၁၈ | တပ်ကြပ် | ခင်မောင်ထွတ် |
| ၁၉၈၅။ | ၅၅၆၇၅၂ | တပ်ကြပ် | တင်ချော |
| ၁၉၈၆။ | ၅၅၆၇၅၆ | တပ်ကြပ် | ကြည်ထွေး |
| ၁၉၈၇။ | ၅၅၆၇၇၁ | တပ်ကြပ် | စိုင်းသန်းဦး |
| ၁၉၈၈။ | ၅၅၆၇၈၇ | တပ်ကြပ် | ဒွေးမောင် |
| ၁၉၈၉။ | ၅၅၆၈၀၉ | တပ်ကြပ် | ဝင်းအောင် |
| ၁၉၉၀။ | ၅၅၇၀၀၈ | တပ်ကြပ် | အောင်ကျော်ဦး |
| ၁၉၉၁။ | ၅၅၇၉၅၃ | တပ်ကြပ် | စိုးဝင်း |
| ၁၉၉၂။ | ၅၅၈၃၇၇ | တပ်ကြပ် | မြင့်ဆွေ |
| ၁၉၉၃။ | ၅၅၈၄၂၁ | တပ်ကြပ် | ကျော်လှိုင် |
| ၁၉၉၄။ | ၅၅၈၄၃၀ | တပ်ကြပ် | ဝင်းစိုး |
| ၁၉၉၅။ | ၅၅၈၅၂၃ | တပ်ကြပ် | တင်ထွန်း |
| ၁၉၉၆။ | ၅၅၉၂၀၀ | တပ်ကြပ် | သန်းလေး |
| ၁၉၉၇။ | ၅၅၉၃၁၀ | တပ်ကြပ် | အောင်တိုး |
| ၁၉၉၈။ | ၅၅၉၃၅၇ | တပ်ကြပ် | စိုးလွင် |

**မြန်မာနိုင်ငံစစ်မှုထမ်းသက်ဟတ်ဆိပ်။ ။အဆက်**

| | | | |
|---|---|---|---|
| ၁၉၉၉။ | ၅၅၉၅၅၄ | တပ်ကြပ် | အောင်ဝင်း |
| ၂၀၀၀။ | ၅၅၉၆၀၁ | တပ်ကြပ် | မြင့်သိန်း |
| ၂၀၀၁။ | ၅၅၉၆၃၆ | တပ်ကြပ် | ဝင်းရွှေ |
| ၂၀၀၂။ | ၅၅၉၆၄၆ | တပ်ကြပ် | အေးသိန်း |
| ၂၀၀၃။ | ၅၅၉၇၀၅ | တပ်ကြပ် | မြင့်အောင် |
| ၂၀၀၄။ | ၅၅၉၇၇၀ | တပ်ကြပ် | ဘနု |
| ၂၀၀၅။ | ၅၆၀၁၄၂ | တပ်ကြပ် | ဝင်းဦး |
| ၂၀၀၆။ | ၅၆၀၁၆၃ | တပ်ကြပ် | သိန်းဝင်း |
| ၂၀၀၇။ | ၅၆၀၆၅၂ | တပ်ကြပ် | ရဲထွန်း |
| ၂၀၀၈။ | ၅၆၀၆၈၈ | တပ်ကြပ် | မြင့်ထွန်း |
| ၂၀၀၉။ | ၅၆၁၀၀၅ | တပ်ကြပ် | လှသိန်း |
| ၂၀၁၀။ | ၅၆၁၀၇၄ | တပ်ကြပ် | မြင့်မောင် |
| ၂၀၁၁။ | ၅၆၁၁၀၆ | တပ်ကြပ် | မြင့်အောင် |

**မြန်မာနိုင်ငံစစ်မှုထမ်းသက်ဟတ်ဆိပ်။ ။အဆုံး**

| | | | |
|---|---|---|---|
| ၂၀၁၂။ | ၅၆၁၁၇၈ | တပ်ကြပ် | သန်းထွန်း |
| ၂၀၁၃။ | ၅၆၁၁၈၆ | တပ်ကြပ် | သန်းဝင်း |
| ၂၀၁၄။ | ၅၆၁၂၃၈ | တပ်ကြပ် | စိုးနိုင် |
| ၂၀၁၅။ | ၅၆၁၂၅၅ | တပ်ကြပ် | အောင်ကို |
| ၂၀၁၆။ | ၅၆၂၀၁၇ | တပ်ကြပ် | မောင်ကြည် |
| ၂၀၁၇။ | ၅၆၂၂၀၆ | တပ်ကြပ် | ရဲထွန်း |
| ၂၀၁၈။ | ၅၆၂၉၂၇ | တပ်ကြပ် | မြင့်ဝင်း |
| ၂၀၁၉။ | ၅၆၃၆၄၁ | တပ်ကြပ် | သိန်းထွန်း |
| ၂၀၂၀။ | ၅၆၅၇၇၅ | တပ်ကြပ် | ကျော်ကျော် |

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၇

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်
( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက် )

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးတက္ကသိုလ် (မကွေး) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာအေးထွန်း ကို ဆေးတက္ကသိုလ် (၂) ရန်ကုန် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်အမှတ် ၁/၂၀၁၇

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်
( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက် )

### ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ခန့်အပ်တာဝန်ပေးခြင်း

၁။ နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအစိုးရအဖွဲ့အား ပြည်တွင်း ပြည်ပအန္တရာယ်များနှင့် စပ်လျဉ်း၍ မဟာဗျူဟာရှုထောင့်မှ လေ့လာသုံးသပ်အကြံပြုနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ရာထူးကို ပြည်ထောင်စုဝန်ကြီးအဆင့်သတ်မှတ်ပြီး ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၆) က သဘောတူ ဆုံးဖြတ်ခဲ့ပါသည်။

၂။ ယင်းသဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အဖြစ် ဦးသောင်းထွန်း ကို ခန့်အပ်တာဝန်ပေးလိုက်သည်။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်၏ ခံစားခွင့်ဆိုင်ရာ ကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ဆောင်ရွက်ပေးရမည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၇

၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်
( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက် )

## အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေ သတ်မှတ်ခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်း အခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၃/၂၀၁၅ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၃/၂၀၁၅ အရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေကို အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့ရာ ၎င်းသည် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် အငြိမ်းစားယူပြီးဖြစ်သဖြင့် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်မောင်အား အမြဲတမ်းအတွင်းဝန်/ တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်/တာဝန်ခံ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် ဦးမျိုးမြင့်မောင်သည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့် တာဝန်များအပြင် ဝန်ကြီးဌာနရုံး၏တာဝန်များကို တာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ်ငွေ ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၇)**

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်

( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် )

**နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြောင်းလဲတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၁၆) ဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်၊ နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဦးဇုန်လှုယ်ထန်း ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၄) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် **အစား** ဒေါက်တာသန်းဝင်း မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အား ပြောင်းလဲတာဝန်ပေးအပ်လိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၇)**

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်

( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက် )

**သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကြမ်း**ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

**သွင်းကုန်ပမာဏမြင့်တက်ခြင်းမှကာကွယ်ပေးမှုဥပဒေ (မူကြမ်း)**

**(၂၀၁၆ခုနှစ် ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )**

၁၃၇၈ ခုနှစ်၊ လ၊ ရက်

( ၂၀၁၆ ခုနှစ်၊ လ၊ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ**

၁။ (က) ဤဥပဒေကို သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့မှစတင်၍ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ကာကွယ်ပေးမှုအစီအမံ** ဆိုသည်မှာ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလာသည့် ကုန်စည်ပမာဏ မြင့်တက်မှုကြောင့် ယင်းကုန်စည်နှင့် အလားတူ ကုန်စည် သို့မဟုတ် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သည့် ပြည်တွင်းကုန်စည်ကို ထုတ်လုပ်သူ၏ လုပ်ငန်းများအပေါ် ပြင်းထန်သော ထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ ဖြစ်စေရန် ခြိမ်းခြောက်မှုများ ဖြစ်ပေါ်လာပါက ကာကွယ်ပေးရန်နှင့် ကုစားမှုပေးရန် ကျင့်သုံးမည့်အစီအမံကို ဆိုသည်။ ယင်းအစီအမံများမှာ ယာယီကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်း၊ ကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်း သို့မဟုတ် သွင်းကုန်ပမာဏ ကန့်သတ်ခြင်းတို့ကို ဆိုသည်။

(ခ) **သွင်းကုန်ပမာဏမြင့်တက်ခြင်း** ဆိုသည်မှာ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလာသည့် ကုန်ပစ္စည်းတစ်မျိုးမျိုး၏ သွင်းကုန်ပမာဏသည် ယင်းကုန်စည်နှင့် အလားတူ ကုန်စည် သို့မဟုတ် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သည့်ကုန်စည်ကို ထုတ်လုပ်သော ပြည်တွင်းထုတ်လုပ်မှု ပမာဏထက် သိသာထင်ရှားစွာ မြင့်တက်လာသည့် ပမာဏကိုလည်းကောင်း၊ ပြည်တွင်းထုတ်လုပ်မှုနှင့် နှိုင်းယှဉ်ခြင်းအားဖြင့် မြင့်တက်လာသည့် ပမာဏကိုလည်းကောင်း ဆိုသည်။

(ဂ) **ပြည်တွင်းကုန်စည်ထုတ်လုပ်သူ** ဆိုသည်မှာ အောက်ဖော်ပြပါ ထုတ်လုပ်သူ သို့မဟုတ် အဖွဲ့အစည်းကို ဆိုလိုသည် -

(၁) မြန်မာနိုင်ငံအတွင်း အလားတူ ကုန်စည်ထုတ်လုပ်သူ သို့မဟုတ် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သော ကုန်စည်ထုတ်လုပ်သူ၊

(၂) ပြည်ပမှ ကုန်ကြမ်းပစ္စည်းများနှင့် ပေါင်းစပ်ထုတ်လုပ်သည့် ကုန်စည်တွင် ပြည်တွင်း အချိုးအစား များပြားစွာ ပါဝင်သည့် အလားတူ ကုန်စည် သို့မဟုတ် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သော ကုန်စည်ကို ထုတ်လုပ်သူ။

(ဃ) **ပြင်းထန်သော ထိခိုက်နစ်နာမှု** ဆိုသည်မှာ ပြည်တွင်းကုန်စည်ထုတ်လုပ်သူများ၏ လုပ်ငန်းဆိုင်ရာ ရပ်တည်မှုကို အဘက်ဘက်မှ သိသာထင်ရှားစွာ ထိခိုက်နစ်နာစေသော အခြေအနေကို ဆိုသည်။

(င) **ပြင်းထန်သော ထိခိုက်နစ်နာမှုဖြစ်စေရန် ခြိမ်းခြောက်မှု** ဆိုသည်မှာ ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၏ လုပ်ငန်းဆိုင်ရာ ရပ်တည်မှုကို ပြင်းထန်သော ထိခိုက်နစ်နာစေရန် ခြိမ်းခြောက်လာသော သိသာသည့် အခြေအနေကို ဆိုသည်။

(စ) **အလားတူကုန်စည်**ဆိုသည်မှာ ပြည်တွင်း၌ ထုတ်လုပ်သော ကုန်စည်သည် စစ်ဆေးခြင်းခံရသည့် ကုန်စည်နှင့် သွင်ပြင်လက္ခဏာအားလုံး ထပ်တူကျနေခြင်း သို့မဟုတ် ယင်းသို့ ထပ်တူကျခြင်း မရှိသော်လည်း နီးစပ်စွာ တူညီသည့် ကုန်စည်ကို ဆိုသည်။

(ဆ) **တိုက်ရိုက်ယှဉ်ပြိုင်နိုင်သည့် ကုန်စည်** ဆိုသည်မှာ ပြည်တွင်းမှ ထုတ်လုပ်သော ကုန်စည်သည် စစ်ဆေးခြင်းခံရသည့် ကုန်စည်နှင့် ဓာတုဗေဒနည်းလမ်းများအရ ပေါင်းစပ်ဖွဲ့စည်းမှု၊ အခြားလက္ခဏာရပ်များဖြစ်သော ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် နည်းပညာပိုင်းဆိုင်ရာ ကွဲပြားခြားနားမှုများရှိသော်လည်း အသုံးပြုသည့် ရည်ရွယ်ချက်အရသော်လည်းကောင်း၊ ဈေးကွက်အတွင်း စီးပွားဖြစ်ယှဉ်ပြိုင်မှုအရသော်လည်းကောင်း တစ်ခုနှင့်တစ်ခု အစားထိုး၍ တိုက်ရိုက်ယှဉ်ပြိုင် အသုံးပြုနိုင်သော ကုန်စည်ကို ဆိုသည်။

(ဇ) **စစ်ဆေးခြင်းခံရသည့်ကုန်စည်** ဆိုသည်မှာ ဤဥပဒေအရ စုံစမ်းစစ်ဆေးခြင်းခံရသော ပြည်ပမှ တင်သွင်းလာသည့် ကုန်စည်ကို ဆိုသည်။

(စျ) **အကျိုးဝင်ဆက်နွှယ်သူများ** ဆိုသည်မှာ စစ်ဆေးခြင်းခံရသည့် ကုန်စည်၊ အလားတူကုန်စည်၊ ယင်းကုန်စည်နှင့် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သည့် ကုန်စည်များကို ထုတ်လုပ်သူ၊ ယင်းလုပ်ငန်းရှိ အလုပ်သမားများ၏ အကျိုးကို ကိုယ်စားပြုသည့် အဖွဲ့အစည်း၊ ရောင်းဝယ်သူ၊ တင်သွင်းသူ၊ ကုန်သည်အသင်းအဖွဲ့နှင့် စစ်ဆေးခြင်းခံရသည့် ကုန်စည်ကို ပြည်ပ၌ ထုတ်လုပ်သူ၊ တင်ပို့သူ၊ တင်ပို့သူနှင့်ဆိုင်သော အဖွဲ့အစည်းများနှင့် ၎င်းနိုင်ငံ၏ အစိုးရအဖွဲ့ကို ဆိုသည်။

(ည) **ယာယီကာကွယ်ပေးမှုအကောက်ခွန်** ဆိုသည်မှာ ဤဥပဒေအရ စုံစမ်းစစ်ဆေးမှု ဆောင်ရွက်စဉ်ကာလအတွင်း ပြည်တွင်းကုန်စည်ထုတ်လုပ်သူများအပေါ် ပြင်းထန်သော ထိခိုက်နစ်နာမှုကိုလည်းကောင်း၊ ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှုကိုလည်းကောင်း ကာကွယ်မှုပေးနိုင်ရန်အတွက် အကောက်ခွန်ဥပဒေအရ ကောက်ခံသည့် အကောက်ခွန်အပြင် ထပ်တိုးစည်းကြပ်သည့် ယာယီအကောက်ခွန်ကို ဆိုသည်။

(ဋ) **ကာကွယ်ပေးမှုအကောက်ခွန်** ဆိုသည်မှာ စုံစမ်းစစ်ဆေးမှု အပြီးသတ်တွေ့ရှိဆုံးဖြတ်ချက်အရ သွင်းကုန်ပမာဏမြင့်တက်မှုကြောင့် ဖြစ်ပေါ်သော ပြည်တွင်းကုန်စည် ထုတ်လုပ်သူများအပေါ် ပြင်းထန်သော ထိခိုက်နစ်နာမှုကိုလည်းကောင်း၊ ယင်းသို့ ဖြစ်စေရန် ခြိမ်းခြောက်မှုကိုလည်းကောင်း ကာကွယ်မှုပေးနိုင်ရန်အတွက် အချိန်ကာလတစ်ခုအထိ စည်းကြပ်ကောက်ခံခြင်းဖြစ်ပြီး အကောက်ခွန်ဥပဒေအရ ကောက်ခံသည့် အကောက်ခွန်အပြင် ထပ်တိုးစည်းကြပ်သည့် အကောက်ခွန်ကို ဆိုသည်။

(ဌ) **သွင်းကုန်ပမာဏကန့်သတ်ခြင်း** ဆိုသည်မှာ စုံစမ်းစစ်ဆေးမှု အပြီးသတ်တွေ့ရှိဆုံးဖြတ်ချက်အရ သွင်းကုန်ပမာဏမြင့်တက်မှုကြောင့် ဖြစ်ပေါ်သော ပြည်တွင်းကုန်စည် ထုတ်လုပ်သူများအပေါ် ပြင်းထန်သော ထိခိုက်နစ်နာမှုကိုလည်းကောင်း၊ ယင်းသို့ ဖြစ်စေရန် ခြိမ်းခြောက်မှုကိုလည်းကောင်း ကာကွယ်မှုပေးနိုင်ရန်အတွက် စစ်ဆေးခြင်းခံရသည့် ကုန်စည်၏ တင်သွင်းမှုပမာဏ ကန့်သတ်ခြင်းကို ဆိုသည်။

(ဍ) **ဖွံ့ဖြိုးဆဲနိုင်ငံ** ဆိုသည်မှာ ကုလသမဂ္ဂ၏ ဖွံ့ဖြိုးဆဲနိုင်ငံများစာရင်းတွင် သတ်မှတ်ထားသော အမည်စာရင်းတွင် ပါဝင်သည့်နိုင်ငံကို ဆိုလိုသည်။

(ဎ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ကော်မတီကို ဆိုသည်။

(ဏ) **ဝန်ကြီးဌာန** ဆိုသည်မှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(တ) **ဦးစီးဌာန**ဆိုသည်မှာ ကာကွယ်ပေးမှုအစီအမံဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရန် ဝန်ကြီးဌာနမှ တာဝန်ပေးသော ဦးစီးဌာနကို ဆိုသည်။

(ထ) **စုံစမ်းစစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေပါ ကိစ္စရပ်များကို ဆောင်ရွက်ရန် ကော်မတီက ဖွဲ့စည်းတာဝန်ပေးအပ်သော အဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကုန်စည်တစ်မျိုး၏ သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့် ပြည်တွင်းရှိအလားတူကုန်စည် သို့မဟုတ် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သည့် ကုန်စည်ထုတ်လုပ်သူများအပေါ် ပြင်းထန်သော ထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှုတို့ ဖြစ်ပေါ်လာပါက ကာကွယ်မှုနှင့် ကုစားမှုပေးနိုင်မည့် အစီအမံများကို ကျင့်သုံးနိုင်စေရန်၊

(ခ) အချိန်ကာလတစ်ခုအတွင်း ပြည်တွင်းကုန်စည်ထုတ်လုပ်သူများ၏ ယှဉ်ပြိုင်နိုင်မှုကို မြှင့်တင်နိုင်စေရန်၊

(ဂ) ဖြစ်ပေါ်လာသည့် ထိခိုက်နစ်နာမှုသည် သွင်းကုန်ပမာဏမြင့်တက်မှုနှင့် ကျိုးကြောင်း ဆက်စပ်မှု ရှိပါက ယင်းထိခိုက်နစ်နာမှုကို ကာကွယ်ပေးနိုင်ရန်နှင့် ကုစားနိုင်ရန်အတွက် အဆိုပါ သွင်းကုန် အပေါ် လုံလောက်သော ကာကွယ်မှုအခွန်ကို စည်းကြပ်ရန်။

## အခန်း (၃)

## သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

### ကော်မတီဖွဲ့စည်းခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုကော်မတီကို ကိုးဦးထက်မပိုသော အောက်ပါ ဌာနများမှ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(၁) ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန　　ဥက္ကဋ္ဌ

(၂) ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန　　ဒုတိယဥက္ကဋ္ဌ

(၃) ကုန်သွယ်ရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံခြားရေး၊ စိုက်ပျိုးရေး၊ အလုပ်သမားရေးရာတို့နှင့် ဆက်စပ်သော ဝန်ကြီးဌာနများမှ သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်နှင့် အထက်အရာထမ်းများ　　အဖွဲ့ဝင်များ

(၄) ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်　　အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ (က) အရ ကော်မတီဖွဲ့စည်းရာတွင် လိုအပ်ပါက တွဲဖက်အတွင်းရေးမှူးကို သတ်မှတ် တာဝန်ပေးအပ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ကာကွယ်ပေးမှုအစီအမံ ကျင့်သုံးရန်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာနမှ တင်ပြလာသည့် ကနဦး စိစစ်ချက်များအပေါ် စုံစမ်းစစ်ဆေးရန် သင့် မသင့် ဆုံးဖြတ်ခြင်း၊

(ခ) ဤဥပဒေအရ စုံစမ်းစစ်ဆေးခြင်းနှင့် အကြံပြုသုံးသပ်ချက်များ ဆောင်ရွက်ရန် စုံစမ်းစစ်ဆေးရေး အဖွဲ့ကို တာဝန်ပေးအပ်ခြင်း၊

(ဂ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ဦးစီးဌာနမှတစ်ဆင့် ပြန်လည်တင်ပြလာသည့် စုံစမ်းစစ်ဆေးချက်များ နှင့် အကြံပြုသုံးသပ်ချက်များကို စိစစ်ခြင်း၊

(ဃ) ကာကွယ်ပေးမှုအစီအမံများနှင့်ပတ်သက်သည့် အစီအမံများချမှတ်မှု၊ သက်တမ်းတိုးမှု သို့မဟုတ် ပြင်ဆင်မှုများကို စိစစ်ဆုံးဖြတ်ခြင်း၊

(င) ဤဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာနကို အကြံပြုခြင်း၊

(စ) ဤဥပဒေကို အကောင်အထည်ဖော်ရန်အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများထံမှ လိုအပ် သော စာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားများ တောင်းခံနိုင်ခြင်း၊

(ဆ) ကော်မတီ၏ လုပ်ပိုင်ခွင့်ကို ဦးစီးဌာနနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ထံ တာဝန်ပေးအပ်ခြင်း၊

(ဇ) လိုအပ်ပါက ကော်မတီခွဲများကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။

## အခန်း (၄)

## ဦးစီးဌာနကို တာဝန်ပေးအပ်ခြင်းနှင့် လုပ်ငန်းတာဝန်များ

၆။ ဝန်ကြီးဌာနသည် ကော်မတီနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ရုံးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်နိုင်ရန် ဦးစီးဌာနကို တာဝန်ပေးအပ်ရမည်။

၇။ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ကာကွယ်ပေးမှုအစီအမံကျင့်သုံးရန် တင်ပြလျှောက်ထားခြင်းအား အထောက်အထား ပြည့်စုံမှု ရှိ မရှိ ကော်မတီသို့ စိစစ်တင်ပြခြင်း၊

(ခ) စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များနှင့် အကြံပြုသုံးသပ်ချက်များကို ကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ဃ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများထံမှ တောင်းခံထားသော စာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားများကို ထိန်းသိမ်းခြင်း၊

(င) ကော်မတီနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ရုံးလုပ်ငန်းကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ခြင်း၊

(စ) ကော်မတီမှ ပေးအပ်သော အခြားသောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၅)

## စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

### စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း

၈။ ကော်မတီသည် ဤဥပဒေအရ စုံစမ်းစစ်ဆေးခြင်းနှင့် အခြားတာဝန်များ ဆောင်ရွက်နိုင်ရန် ဦးစီးဌာနမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သောဝန်ထမ်းများ ဦးဆောင်ပါဝင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

### စုံစမ်းစစ်ဆေးရေးအဖွဲ့၏ လုပ်ပိုင်ခွင့်နှင့်လုပ်ငန်းတာဝန်များ

၉။ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ကော်မတီ၏ တာဝန်ပေးအပ်မှုအရ သွင်းကုန်ပမာဏ မြင့်တက်လာခြင်းကြောင့် ပြည်တွင်း ကုန်စည်ထုတ်လုပ်သူများအပေါ် ပြင်းထန်သောထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှုတို့ကို စုံစမ်းစစ်ဆေးခြင်း၊

(ခ) စုံစမ်းစစ်ဆေးမှုအတွက် လိုအပ်သော စာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထား များကို အကျိုးဝင်ဆက်နွှယ်သူများထံမှ တောင်းခံခြင်း၊

(ဂ) စုံစမ်းစစ်ဆေးနေစဉ်ကာလအတွင်း၊ အကျိုးဝင်ဆက်နွှယ်သူများမှ စာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားများ၊ ထင်မြင်ယူဆချက်များကို စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ တင်ပြလာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဃ) စုံစမ်းစစ်ဆေးမှုနှင့်စပ်လျဉ်းသည့် စာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားများ ကို လိုအပ်ပါက သိမ်းဆည်းထားခြင်း၊

(င) သွင်းကုန်ပမာဏမြင့်တက်လာခြင်းကြောင့် ဖြစ်ပေါ်လာသည့် ပြည်တွင်းကုန်စည် ထုတ်လုပ်သူများ အပေါ် ပြင်းထန်သောထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှုနှင့်ပတ်သက် သည့် စိစစ်တွေ့ရှိချက်၊ ကျင့်သုံးသင့်သည့် အစီအမံအမျိုးအစား၊ ပမာဏနှင့် ကာလတို့ကို အကြံပြုချက် များနှင့်တကွ ဦးစီးဌာနမှတစ်ဆင့် ကော်မတီသို့ တင်ပြခြင်း၊

(စ) ကော်မတီမှ ပေးအပ်လာသည့် အခြားသောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၆)
## စိစစ်ခြင်းနှင့်စုံစမ်းစစ်ဆေးခြင်း

### ကနဦးစိစစ်ခြင်း

၁၀။ သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့် ပြင်းထန်စွာထိခိုက်နစ်နာသော ပြည်တွင်းကုန်စည်ထုတ်လုပ်သူ သို့မဟုတ် အဆိုပါကုန်စည်ထုတ်လုပ်သူ၏ ကိုယ်စားလှယ်သည် ဦးစီးဌာနသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် ကာကွယ်ပေးမှုအစီအမံ ကျင့်သုံးရန် တင်ပြလျှောက်ထားရမည်။

၁၁။ ဦးစီးဌာနသည် လျှောက်လွှာလက်ခံရရှိသည့်နေ့မှစ၍ အလုပ်လုပ်ရက် ၅ ရက်အတွင်း စုံစမ်းစစ်ဆေးရန် သတ်မှတ်အထောက်အထားအချက်အလက် ပါဝင်မှု ရှိ မရှိ ကနဦးစိစစ်၍ ကော်မတီသို့ တင်ပြရမည်။

၁၂။ ကော်မတီသည် ဦးစီးဌာန၏ ကနဦး စိစစ်ချက်များအရ တင်ပြချက်ပေါ် မူတည်၍ အောက်ပါအတိုင်း ဆုံးဖြတ်ရမည်-

(က) သက်သေအထောက်အထားနှင့် အချက်အလက်များသည် လိုအပ်ချက်များရှိသည်ဟု တင်ပြလာပါက ပြန်လည်ပြင်ဆင်တင်ပြရန် ညွှန်ကြားခြင်း၊

(ခ) စုံစမ်းစစ်ဆေးရန် သင့် မသင့်ကို ဆုံးဖြတ်ခြင်း၊

(ဂ) စုံစမ်းစစ်ဆေးရန် ဆုံးဖြတ်ပါက စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။

### စုံစမ်းစစ်ဆေးခြင်း

၁၃။ ပုဒ်မ ၁၂ (ဂ) အရ ဖွဲ့စည်းသော စုံစမ်းစစ်ဆေးရေးအဖွဲ့သည် တာဝန်ပေးအပ်သည့်နေ့မှစ၍ သွင်းကုန်ပမာဏမြင့်တက်မှုနှင့် ယင်းကြောင့် ထိခိုက်နစ်နာမှုတို့နှင့် စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ရမည်။

၁၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးမှုစတင်မည်ဖြစ်ကြောင်း လျှောက်ထားတင်ပြသူများနှင့် အကျိုးဝင်ဆက်နွှယ်သူများထံသို့ အကြောင်းကြားရမည်။

၁၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးရာတွင် လိုအပ်သော စာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားများကို အကျိုးဝင်ဆက်နွှယ်သူများထံမှလည်းကောင်း၊ ကော်မတီ၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းထံမှလည်းကောင်း တောင်းခံနိုင်သည်။

၁၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးမှုကို ဆောင်ရွက်ရာတွင် အကျိုးဝင်ဆက်နွှယ်သူများထံသို့ မေးခွန်းများပေးပို့မေးမြန်းခြင်း၊ အများပြည်သူရှေ့မှောက်ကြားနာခြင်း သို့မဟုတ် အခြားသင့်လျော်သော နည်းများဖြင့် ဆောင်ရွက်နိုင်သည်။

### လျှို့ဝှက်သတင်းအချက်အလက်များ ထိန်းသိမ်းခြင်း

၁၇။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် လျှို့ဝှက်ထားရမည့် သတင်းအချက်အလက်များအား လျှို့ဝှက်အနေဖြင့် ဆောင်ရွက်ရမည်။

၁၈။ ကော်မတီ၊ ဦးစီးဌာနနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့သည် လျှို့ဝှက်ထားရှိရမည့် အချက်အလက်နှင့် သက်သေအထောက်အထားများကို သက်ဆိုင်သူ၏ ခွင့်ပြုချက်မရှိဘဲ ထုတ်ဖော်ပြောဆိုခြင်းမပြုရ။

၁၉။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်သူမှ လျှို့ဝှက်အနေဖြင့် တင်ပြလာသည့် ကိစ္စရပ်တွင် လိုအပ်ပါက လျှို့ဝှက်မဟုတ်သည့် အကျဉ်းချုပ်ပုံစံများကိုပါ တင်ပြရန်နှင့် ထိုသို့ တင်ပြနိုင်ခြင်းမရှိပါက အကြောင်းအရင်းကို သက်ဆိုင်သူထံ တောင်းခံနိုင်သည်။

၂၀။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်သူမှ လျှို့ဝှက်အဖြစ် တင်ပြသည့် စာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားများကို လျှို့ဝှက်အဆင့်ဖြစ်သည်ဟု ယုံကြည်ရန်

အကြောင်းမရှိလျှင်ဖြစ်စေ၊ လျှို့ဝှက်စာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားများကို လျှို့ဝှက်မဟုတ်သော အကျဉ်းချုပ်ပုံစံဖြင့် အများပြည်သူသို့ အသိပေးဖြန့်ဝေရန် သက်ဆိုင်သူမှ ခွင့်ပြုခြင်းမရှိလျှင်ဖြစ်စေ ယင်းအချက်အလက်များကို လျှို့ဝှက်အချက်အလက်အဖြစ် ထည့်သွင်းစဉ်းစားခြင်းမှ ချန်လှပ်ထားနိုင်သည်။

## အခန်း (၇)

## ထိခိုက်နစ်နာမှုကို စိစစ်အကဲဖြတ်ခြင်းနှင့် ယာယီကာကွယ်ပေးမှုအခွန်စည်းကြပ်ခြင်း

### ထိခိုက်နစ်နာမှုကို စိစစ်အကဲဖြတ်ခြင်း

၂၁။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့် ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၏ လုပ်ငန်းကို ပြင်းထန်သော ထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှု ရှိ မရှိ ဆုံးဖြတ်ရာတွင် အောက်ဖော်ပြပါအချက်အလက်များ အပါအဝင် ယင်းကုန်စည်ထုတ်လုပ်သူ၏ လုပ်ငန်းနှင့် စပ်လျဉ်းသည့် အခြားလိုအပ်သော အချက်အလက်များကိုပါ ထည့်သွင်းစိစစ် အကဲဖြတ်ရမည် -

(က) မြင့်တက်လာသည့် သွင်းကုန်၏ ပမာဏနှင့်နှုန်းထား၊

(ခ) ပမာဏမြင့်တက်ဝင်ရောက်လာသည့် သွင်းကုန်၏ ပြည်တွင်းဈေးကွက်တွင် ရယူခဲ့သောဝေစု၊

(ဂ) ရောင်းချမှုအခြေအနေပြောင်းလဲလာမှု၊

(ဃ) ထုတ်လုပ်မှုအခြေအနေပြောင်းလဲလာမှု၊

(င) ထုတ်လုပ်နိုင်စွမ်းအခြေအနေပြောင်းလဲလာမှု၊

(စ) အမြတ်နှင့်အရှုံးအခြေအနေပြောင်းလဲလာမှု၊

(ဆ) အလုပ်သမားခန့်ထားမှုအခြေအနေပြောင်းလဲလာမှု။

၂၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၏ လုပ်ငန်းများအပေါ် ပြင်းထန်သော ထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှုနှင့် သွင်းကုန်ပမာဏမြင့်တက်ခြင်းတို့ အကြားဖြစ်ပေါ်သည့် အကျိုးအကြောင်းဆက်နွှယ်မှုအား ဖော်ပြနိုင်မှသာလျှင် ယင်းကုန်စည်ကြောင့် ပြင်းထန်သော ထိခိုက်နစ်နာမှုဖြစ်စေသည့် သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်သည်ဟု ဆုံးဖြတ်ရမည်။

၂၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့်မဟုတ်ဘဲ အခြားသော အကြောင်းတစ်ခုခုကြောင့် ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၏ လုပ်ငန်းကို ထိခိုက်မှု နစ်နာမှု ဖြစ်ပေါ်စေသည်ဟု စိစစ်တွေ့ရှိပါက ယင်းထိခိုက်နစ်နာမှုမျိုးကို သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့်ဟု ဆုံးဖြတ်ခြင်း မပြုရ။

### ယာယီကာကွယ်ပေးမှုအကောက်ခွန်စည်းကြပ်ခြင်း

၂၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ထိခိုက်နစ်နာမှုကို ကနဦးစိစစ်အကဲဖြတ်ချက်အရ ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၏ လုပ်ငန်းထိခိုက်နစ်နာမှုသည် ပြန်လည်ရပ်တည်နိုင်ရန် ခက်ခဲနိုင်သော အရေးပေါ်အခြေအနေပေါ်ပေါက်ကြောင်း စိစစ်တွေ့ရှိပါက စုံစမ်းစစ်ဆေးမှု ဆောင်ရွက်နေသည့် ကာလအတွင်း တင်သွင်းလာသည့် ကုန်စည်အပေါ် ယာယီစည်းကြပ်မှု ပြုလုပ်ရန် ကော်မတီသို့ တင်ပြနိုင်သည်။

၂၅။ (က) ကော်မတီသည် အပြီးသတ်ဆုံးဖြတ်ချက်မတိုင်မီ ပုဒ်မ ၂၄ အရ သင့်လျော်သည့် ယာယီကာကွယ်ပေးမှုအကောက်ခွန်ကို စည်းကြပ်နိုင်သည်။

(ခ) ယာယီကာကွယ်ပေးမှုအကောက်ခွန် စည်းကြပ်ရာတွင် အများဆုံး ရက်ပေါင်း ၂၀၀ အထိသာ စည်းကြပ်နိုင်သည်။

## အခန်း (၈)

## ကာကွယ်ပေးမှုအစီအမံများ ဆုံးဖြတ်ခြင်းနှင့် ကျင့်သုံးအကောင်အထည်ဖော်ခြင်း

### ကာကွယ်ပေးမှုအစီအမံများ ဆုံးဖြတ်ခြင်း

၂၆။　စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း စုံစမ်းစစ်ဆေးမှုကို ဆောင်ရွက်ပြီးနောက် အပြီးသတ်တွေ့ရှိချက်ကို အကြံပြုချက်များနှင့်အတူ ကော်မတီသို့ ဦးစီးဌာနမှတစ်ဆင့် တင်ပြရမည်။

၂၇။　ကော်မတီသည် ပုဒ်မ ၂၆ အရ သွင်းကုန်ပမာဏ မြင့်တက်ခြင်း သို့မဟုတ် ပြင်းထန်သော ထိခိုက်နစ်နာခြင်း သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်ခြင်းမရှိကြောင်း တွေ့ရှိပါက ယာယီကာကွယ်ပေးမှု အစီအမံကို ရပ်စဲရမည်။

၂၈။　ကော်မတီသည် ပုဒ်မ ၂၆ အရ သွင်းကုန်ပမာဏမြင့်တက်ခြင်းနှင့် ယင်းကြောင့် ပြင်းထန်သော ထိခိုက်နစ်နာမှုဖြစ်ပွားကြောင်း တွေ့ရှိပါက အောက်ဖော်ပြပါ ကာကွယ်ပေးမှု အစီအမံများအနက် တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ စစ်ဆေးခြင်းခံရသည့် ကုန်စည်အပေါ် စည်းကြပ်နိုင်သည်-

(က)　သတ်မှတ်သည့် နှုန်းထားအတိုင်း ကာကွယ်ပေးမှုအကောက်ခွန်ကို ကောက်ခံခြင်း၊

(ခ)　သွင်းကုန်ပမာဏ ကန့်သတ်ခြင်း။

၂၉။　ကော်မတီသည် ပြည်တွင်းကုန်စည်ထုတ်လုပ်သူများမှ လုပ်ငန်းပြန်လည်တိုးတက်ရေး ပြင်ဆင် ဆောင်ရွက်နိုင်စေရန်နှင့် ၎င်းတို့၏ ထိခိုက်နစ်နာမှုများကို ကာကွယ်ပေးရန်၊ ကုစားပေးရန်တို့အတွက် လိုအပ်သည့် အတိုင်းအတာအထိသာ ကာကွယ်ပေးမှုအစီအမံကို ကျင့်သုံးနိုင်သည်။

### သွင်းကုန်ပမာဏ ကန့်သတ်ခြင်း

၃၀။　ကော်မတီသည် ပုဒ်မ ၂၉ အရ ထိခိုက်နစ်နာမှုကို ကာကွယ်ပေးရန် သို့မဟုတ် ကုစားပေးရန် လုံလောက်သော ကျိုးကြောင်းဖော်ပြချက် တွေ့ရှိပါက သွင်းကုန်ပမာဏကန့်သတ်ရာတွင် စစ်ဆေးခြင်းခံရ သည့် ကုန်စည်၏ လွန်ခဲ့သောသုံးနှစ်အတွင်း တင်သွင်းခဲ့သည့် ပျမ်းမျှသွင်းကုန်ပမာဏအောက် လျော့နည်း သော ကန့်သတ်ပမာဏကို သတ်မှတ်နိုင်သည်။

၃၁။　ကော်မတီသည် သွင်းကုန်ပမာဏ ကန့်သတ်မည်ဆိုပါက မြန်မာနိုင်ငံသို့ စစ်ဆေးခြင်းခံရသည့် ကုန်စည်ကို တင်ပို့ရောင်းချခြင်းဖြင့် အကျိုးစီးပွားအမြောက်အမြားရရှိနေသည့် အဖွဲ့ဝင်နိုင်ငံအားလုံးနှင့် ဆွေးနွေးညှိနှိုင်း သဘောတူညီချက်ရယူရမည်။

၃၂။　ပုဒ်မ ၃၁ အရ သွင်းကုန်ပမာဏကို ခွဲဝေသတ်မှတ်ခြင်းနှင့်ပတ်သက်၍ သဘောတူညီမှုမရရှိပါက ကော်မတီသည် အဆိုပါနိုင်ငံများမှ လွန်ခဲ့သော ၃ နှစ်အတွင်း မြန်မာနိုင်ငံသို့ ယင်းကုန်စည်ကို တင်ပို့ ရောင်းချခဲ့သည့် စုစုပေါင်းပမာဏ သို့မဟုတ် တန်ဖိုး၏ အချိုးအပေါ် မူတည်၍ ကန့်သတ်ပမာဏကို ခွဲဝေ သတ်မှတ်ရမည်။

၃၃။　စစ်ဆေးခြင်းခံရသည့် ကုန်စည်သည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလာသည့် ကုန်စည်ဖြစ်ပြီး အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ်နှင့် ကိုက်ညီမှုရှိပါက ယင်းနိုင်ငံများအပေါ် ကာကွယ်ပေးမှု အစီအမံကို ကျင့်သုံးခြင်းမပြုရ -

(က)　ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံမှ တင်သွင်းလာသည့်ပမာဏသည် မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းမှု စုစုပေါင်းပမာဏ၏ ၃ ရာခိုင်နှုန်းထက် မကျော်လွန်သည့် ဝေစုဖြစ်ခြင်း၊

(ခ)　ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံချင်းစီ၏ သွင်းကုန်ဝေစုပမာဏသည် ၃ ရာခိုင်နှုန်းအောက် လျော့နည်း၍ တင်သွင်းလာပြီး ယင်းဖွံ့ဖြိုးဆဲနိုင်ငံအားလုံး၏ စုပေါင်းတင်သွင်းမှုသည် မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းမှု စုစုပေါင်းသွင်းကုန်ပမာဏ၏ ၉ ရာခိုင်နှုန်းထက် ကျော်လွန်ခြင်းမရှိသည့် ဝေစုဖြစ်ခြင်း။

**ယာယီကာကွယ်ပေးမှုအကောက်ခွန်ပြန်အမ်းခြင်း**

၃၄။ သက်ဆိုင်ရာဌာနသည် ဤဥပဒေအရ ကောက်ခံထားသည့် ယာယီကာကွယ်ပေးမှု အကောက်ခွန်နှင့် စပ်လျဉ်း၍ ကော်မတီမှ အောက်ဖော်ပြပါ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကိုချမှတ်ပါက နှောင့်နှေးကြန့်ကြာမှု မရှိဘဲ ဆောင်ရွက်ရမည် -

(က) အပြီးသတ်စစ်ဆေးပြီးနောက် စည်းကြပ်သည့် ကာကွယ်ပေးမှုအကောက်ခွန်သည် စည်းကြပ်ကောက်ခံထားပြီးဖြစ်သည့် ယာယီကာကွယ်ပေးမှုအကောက်ခွန်ထက် လျော့နည်းပါက ကွာခြားမှုပမာဏကို ပြန်အမ်းရန် ဆုံးဖြတ်ခြင်း၊

(ခ) ပုဒ်မ ၂၇ အရ ကာကွယ်ပေးမှုအစီအမံရုပ်စဲသည့် အခြေအနေတွင် ကောက်ခံထားသော ယာယီကာကွယ်ပေးမှုအကောက်ခွန်ကို ပြန်အမ်းရန် ဆုံးဖြတ်ခြင်း။

**အခန်း (၉)**

**အသိပေးအကြောင်းကြားခြင်းနှင့် သတင်းအချက်အလက်တောင်းခံခြင်း**

**အသိပေးအကြောင်းကြားခြင်း**

၃၅။ ဦးစီးဌာနသည် ကော်မတီ၏ ဆုံးဖြတ်ချက်အရ အသိပေးအကြောင်းကြားမှုကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) စုံစမ်းစစ်ဆေးခြင်းမပြုသည့် ဆုံးဖြတ်ချက်ကို တင်ပြလျှောက်ထားသူများနှင့် အကျိုးဝင်ဆက်နွှယ်သူများထံသို့ အကြောင်းကြားခြင်း၊

(ခ) စုံစမ်းစစ်ဆေးမှုစတင်မည့် ဆုံးဖြတ်ချက်ကို သင့်လျော်သောနည်းလမ်းဖြင့် အများပြည်သူသို့ အသိပေးခြင်း၊

(ဂ) ပုဒ်မ ၂၅ (က) အရ ယာယီကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်းနှင့် စပ်လျဉ်း၍ အများပြည်သူသို့ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အသိပေးခြင်း၊

(ဃ) ကော်မတီမှ ကာကွယ်ပေးမှု အစီအမံတစ်ခုကို ကျင့်သုံးခြင်း၊ သက်တမ်းတိုးခြင်း သို့မဟုတ် ရုပ်စဲခြင်းတို့နှင့် စပ်လျဉ်းသည့် အပြီးသတ်ဆုံးဖြတ်ချက်ကို ယင်းကုန်စည်တင်ပို့သည့် နိုင်ငံများ၊ အကျိုးဝင်ဆက်နွှယ်သူများနှင့် အများပြည်သူသို့ နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ သင့်လျော်သော နည်းလမ်းဖြင့် အသိပေးအကြောင်းကြားခြင်း။

၃၆။ ကော်မတီသည် စုံစမ်းစစ်ဆေးမှုစတင်ရန် ဆုံးဖြတ်ခြင်း၊ ကာကွယ်ပေးမှု အစီအမံတစ်ခုခုကို ကျင့်သုံးခြင်း၊ သက်တမ်းတိုးခြင်း သို့မဟုတ် ရုပ်စဲခြင်းတို့နှင့် စပ်လျဉ်းသည့် အပြီးသတ်ဆုံးဖြတ်ချက်ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကာကွယ်ပေးမှုကော်မတီသို့ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အကြောင်းကြားပေးပို့ရမည်။

**သတင်းအချက်အလက်တောင်းခံခြင်း**

၃၇။ ကော်မတီသည် လိုအပ်ပါက ပြည်ပမှတင်ပို့သူ၊ ထုတ်လုပ်သူနှင့် သက်ဆိုင်ရာနိုင်ငံ၏ အစိုးရထံမှ စုံစမ်းစစ်ဆေးမှုနှင့် သက်ဆိုင်သည့် အချက်အလက်၊ သက်သေအထောက်အထားများကို သက်ဆိုင်ရာနိုင်ငံ၏ သံရုံးမှတစ်ဆင့်ဖြစ်စေ၊ သက်ဆိုင်ရာနိုင်ငံအချင်းချင်းအကြား သဘောတူညီထားသည့် အခြားသော နည်းလမ်းတစ်ခုခုအရဖြစ်စေ တောင်းခံနိုင်သည်။

၃၈။ ပြည်ပမှတင်ပို့သူ၊ ထုတ်လုပ်သူနှင့် သက်ဆိုင်ရာနိုင်ငံ၏ အစိုးရသည် ပုဒ်မ ၃၇ အရ တောင်းခံမှုနှင့် စပ်လျဉ်း၍ တောင်းခံသည့်ကော်မတီသို့ တိုက်ရိုက်ဖြစ်စေ၊ သက်ဆိုင်ရာ နိုင်ငံသံရုံးမှတစ်ဆင့်ဖြစ်စေ၊ သက်ဆိုင်ရာ နိုင်ငံအချင်းချင်းအကြား သဘောတူညီထားသည့် အခြားသောနည်းလမ်းတစ်ခုခုအရဖြစ်စေ အကြောင်းကြားစာရရှိသည့်နေ့မှ ရက်ပေါင်း ၁၅ ရက်အတွင်း သို့မဟုတ် ကော်မတီ၏ ခွင့်ပြုထားသော သက်တမ်းတိုးကာလအတွင်း ပံ့ပိုးပေးရမည်။

၃၉။ အကျိုးဝင်ဆက်နွှယ်သူများသည် စုံစမ်းစစ်ဆေးရေးအဖွဲ့မှ လိုအပ်ချက်အရ လျှို့ဝှက်အချက်အလက်နှင့် သက်သေအထောက်အထားများကို အကျဉ်းချုပ်ပုံစံဖြင့် တင်ပြရန် တောင်းခံလာပါက ယင်းအချက်အလက်နှင့် သက်သေအထောက်အထားများကို တင်ပြပေးပို့ရမည်ဖြစ်ပြီး ထိုသို့ပေးပို့နိုင်ခြင်းမရှိပါက ခိုင်လုံသော အကြောင်းပြချက်ဖြင့် တင်ပြရမည်။

## အခန်း (၁၀)

## ကာကွယ်ပေးမှုအစီအမံကျင့်သုံးသည့်ကာလ၊ ဖြေလျှော့ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

### ကျင့်သုံးသည့်ကာလ

၄၀။ ပုဒ်မ ၂၉ အရ ကာကွယ်ပေးမှုအစီအမံကျင့်သုံးသည့် ကာလသည် ပြည်တွင်းကုန်စည် ထုတ်လုပ်သည့် လုပ်ငန်း၏ ထိခိုက်နစ်နာမှုကို ကာကွယ်ရန်၊ ကုစားပေးရန်နှင့် လုပ်ငန်းအခြေအနေ ပြန်လည်တိုးတက်ရန် အတွက် လိုအပ်သော အချိန်ကာလအထိသာ ဖြစ်ရမည်။

၄၁။ ကာကွယ်ပေးမှုအစီအမံကျင့်သုံးရာတွင် -

(က) ကုန်စည်တစ်မျိုးအပေါ်တွင် စတင်ကျင့်သုံးမှုကာလသည် အများဆုံး ၄ နှစ်အထိသာ ကျင့်သုံးနိုင်သည်။

(ခ) ယင်းကုန်စည်အပေါ်တွင် ပုဒ်မခွဲ (က) ပါ အစီအမံကာလနှင့် သက်တမ်းတိုးကာလအပါအဝင် အများဆုံး ၁၀ နှစ်အထိသာ ကျင့်သုံးနိုင်သည်။

(ဂ) အစီအမံကျင့်သုံးထားပြီးသည့် ကုန်စည်အပေါ်တွင် နောက်တစ်ကြိမ် ကျင့်သုံးမည်ဆိုပါက မူလသက်တမ်းကုန်ဆုံးပြီးနောက် အနည်းဆုံး ၂ နှစ် ရပ်နားပြီးမှသာလျှင် ထပ်မံကျင့်သုံးရမည်။

၄၂။ ကော်မတီသည် ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၏ လုပ်ငန်းပြန်လည်တိုးတက်ရန် ဆောင်ရွက်နေသော သက်သေအထောက်အထားတင်ပြချက်များသည် သင့်လျော်သည်ဟုယူဆပါက ကာကွယ်ပေးမှုအစီအမံ ကျင့်သုံးသည့်ကာလကို သက်တမ်းတိုးမြှင့်ပေးနိုင်သည်။ ယင်းသက်တမ်းတိုးကာလအတွင်း ကျင့်သုံးသည့် အစီအမံသည် လက်ရှိကျင့်သုံးနေသည့် အစီအမံထက် ကျော်လွန်ခြင်းမပြုရ။

၄၃။ အောက်ဖော်ပြပါ အခြေအနေများပေါ်ပေါက်လာပါက ကော်မတီသည် သွင်းကုန်အပေါ် ကာကွယ်ပေးမှုအစီအမံကို အများဆုံး ရက်ပေါင်း ၁၈၀ သို့မဟုတ် ယင်းထက်လျော့နည်းသည့် ကာလအတွင်း ထပ်မံကျင့်သုံးနိုင်သည်-

(က) စုံစမ်းစစ်ဆေးခံရသည့် ကုန်စည်အပေါ် ကာကွယ်ပေးမှုအစီအမံ စတင်ကျင့်သုံးသည့်နေ့မှ အနည်းဆုံး ၁ နှစ်အထိ ကျင့်သုံးပြီးနောက် ရပ်ဆိုင်းသွားသည့်အခြေအနေ၊

(ခ) အစီအမံ စတင်ကျင့်သုံးသည့်နေ့မှ ၅ နှစ်အတွင်း တူညီသည့် ကုန်စည်အပေါ်တွင် နှစ်ကြိမ်ထက် ပို၍ ကျင့်သုံးမှုမရှိသည့် အခြေအနေ။

### အစီအမံကို ဖြေလျှော့ခြင်း

၄၄။ ကော်မတီသည် ပုဒ်မ ၂၉ အရ ကျင့်သုံးသော ကာကွယ်ပေးမှုအစီအမံကာလသည် တစ်နှစ်ထက် ကျော်လွန်သည့်ကိစ္စရပ်တွင် ယင်းအစီအမံ ကျင့်သုံးမှုကို အဆင့်ဆင့် ဖြေလျှော့သတ်မှတ်နိုင်သည်။

### ပြန်လည်သုံးသပ်ခြင်း

၄၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ကာကွယ်ပေးမှုအစီအမံနှင့်ပတ်သက်၍ ဆက်လက်ကျင့်သုံးနိုင်ရန် အခါအားလျော်စွာ ပြန်လည်သုံးသပ်ခြင်း၊ ၃ နှစ်ထက်ကျော်လွန်ကျင့်သုံးသည့် ကိစ္စရပ်နှင့် စပ်လျဉ်း၍ ယင်းသက်တမ်း တစ်ဝက်ထက်နောက်မကျစေဘဲ ပြန်လည်သုံးသပ်၍ ဆက်လက် ကျင့်သုံးခြင်း၊ ဖြေလျှော့ခြင်း သို့မဟုတ် ရပ်စဲခြင်းတို့ ဆောင်ရွက်နိုင်ရန် ကော်မတီသို့ အစီရင်ခံ တင်ပြရမည်။

**ခွဲခြားဆက်ဆံခြင်းမရှိသော ကာကွယ်ပေးမှုအစီအမံ စည်းကြပ်ခြင်း**

၄၆။ ဖွံ့ဖြိုးဆဲနိုင်ငံများကို ပေးအပ်ထားသည့် အခွင့်အရေးမှအပ ပုဒ်မ ၂၅ သို့မဟုတ် ပုဒ်မ ၂၉ အရ ကာကွယ်မှုအစီအမံကို ကျင့်သုံးရာတွင် နိုင်ငံများအချင်းချင်းအကြားတွင် ခွဲခြားဆက်ဆံခြင်းမပြုဘဲ ယင်းကုန်စည်များတင်ပို့သည့် မည်သည့်ပင်ရင်းနိုင်ငံ၏ သွင်းကုန်ကိုမဆို အကျိုးသက်ရောက်မှု ရှိစေရမည်။

## အခန်း (၁၁)
## နိုင်ငံတကာနှင့်ပတ်သက်၍ လိုက်နာရမည့်တာဝန်များ

၄၇။ ဤဥပဒေသည် ၁၉၉၄ တွင် ပြဋ္ဌာန်းသော ကုန်သွယ်မှုနှင့် အကောက်ခွန်ဆိုင်ရာ အထွေထွေ သဘောတူညီချက်နှင့် ကာကွယ်ပေးမှုဆိုင်ရာ သဘောတူညီချက်များအပါအဝင် ၁၉၉၄ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်းမှ ပြဋ္ဌာန်းထားသော သဘောတူညီချက်များအရ မြန်မာနိုင်ငံမှ အဖွဲ့ဝင်နိုင်ငံအဖြစ် လိုက်နာရမည့် တာဝန်ဝတ္တရားများနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည်။

၄၈။ မြန်မာနိုင်ငံသည် နိုင်ငံတကာသဘောတူညီချက် သို့မဟုတ် ဒေသတွင်း သဘောတူညီချက်တစ်ခုခု အရ အဖွဲ့ဝင်နိုင်ငံအနေဖြင့် လိုက်နာရန် ကတိပြုထားသည့် တာဝန်ဝတ္တရားများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ကွဲလွဲမှုများ ပေါ်ပေါက်လာပါက ယင်းသဘောတူညီချက်များပါ စည်းကမ်းချက်များ အတိုင်း လိုက်နာကျင့်သုံးဆောင်ရွက်ရမည်။

## အခန်း (၁၂)
## အထွေထွေ

၄၉။ ဤဥပဒေအရ အကျိုးဝင်ဆက်နွယ်သူများသည် စုံစမ်းစစ်ဆေးနေသည့်ကိစ္စရပ်နှင့် စပ်လျဉ်း၍ အများပြည်သူ အကျိုးရှိ မရှိကို စုံစမ်းစစ်ဆေးနေသည့် ကာလအတွင်း သက်ဆိုင်သည့် သက်သေအထောက်အထားများကို ကော်မတီမှ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြခွင့်ရှိသည်။

၅၀။ ပုဒ်မ ၂၉ အရ ကာကွယ်ပေးမှုအစီအမံများ ကျင့်သုံးရာတွင် သွင်းကုန်အပေါ် ကောက်ခံသည့် ကာကွယ်ပေးမှု အကောက်ခွန်နှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှလည်းကောင်း၊ သွင်းကုန်ပမာဏ ကန့်သတ်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနမှလည်းကောင်း ထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၅၁။ ပုဒ်မ ၂၅ (က) နှင့် ပုဒ်မ ၂၈ (က) ပါ အကောက်ခွန်ကောက်ခံခြင်းတို့နှင့် ပုဒ်မ ၃၄ ပါ အခွန်ငွေပြန်အမ်းခြင်းတို့အား သက်ဆိုင်ရာအခွန်ဥပဒေနှင့် အကောက်ခွန်ဥပဒေတို့၏ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည်။

၅၂။ ဝန်ကြီးဌာနသည် ကော်မတီနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ကုန်ကျစရိတ်များကို ကျခံရမည်။

၅၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကော်မတီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၇)**

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်

( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက် )

**ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး

ညွှန်ကြားရေးမှူးချုပ်

ပြည်ထောင်စုလွှတ်တော်ရုံး

**ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )**

၁၃၇၈ခုနှစ်၊ လ ရက်

( ၂၀၁၆ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) **ချောင်း** ဆိုသည်မှာ သဘာဝရေအရင်းအမြစ်များစုစည်း၍ တစ်နေရာမှတစ်နေရာသို့ စီးဆင်းနေသော ရေစီးကြောင်းကို ဆိုသည်။"

(ခ) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) **မြစ်** ဆိုသည်မှာ ချောင်းများစီးဝင်ရာမှ ဖြစ်ပေါ်လာသော သဘာဝရေစီးကြောင်းကို ဆိုသည်။"

(ဂ) ပုဒ်မခွဲ (စ) ၏ အောက်ပါစကားရပ်ကို ပယ်ဖျက်ရမည် -

"(စ) ပုဒ်မခွဲ (စ)၏ ဒုတိယဝါကျဖြစ်သော "သို့ရာတွင် ကုန်းနှင့်တစ်ဆက်တည်း တည်ရှိသော ကျွန်းများမပါဝင်" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ (ဇ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဇ) **ကမ်းနားနယ်** ဆိုသည်မှာ ကမ်းပါးနယ်နှင့် ဆက်စပ်ပြီး ကမ်းနားနယ်မြေ နယ်နိမိတ်ကို ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သီးခြားသတ်မှတ်ထားခြင်းမရှိလျှင် ဒီရေအမြင့်ဆုံးတက်ချိန်၌ မြစ်ရေရောက်ရှိသည့် သို့မဟုတ် မြစ်ရေတက်ချိန် အမြင့်ဆုံး ပုံမှန် ရေမြင့်အမှတ်ရောက်ရှိသည့် ကမ်းပါးနယ်မှ ကုန်းတွင်းပိုင်းသို့ ပေ ၁၅၀ အထိ ရှိသော ကမ်းနားနယ်မြေ နယ်နိမိတ်ကို ဆိုသည်။"

(င) ပုဒ်မခွဲ (ဌ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဌ) ပုဒ်မခွဲ (ဌ) ပါ "မြစ်ချောင်းများ ပြုပြင်ထိန်းသိမ်းရန်" ဆိုသည့်စကားရပ်နောက်တွင် "နှင့်ဖွံ့ဖြိုးတိုးတက်စေရန်" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(စ) ပုဒ်မခွဲ (ဎ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဎ) ပုဒ်မခွဲ (ဎ) ပါ "ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ" ဆိုသည့်စကားရပ်ကို "ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြီး ပုဒ်မခွဲ (ဎ) ကို ပုဒ်မခွဲ (ဏ) အဖြစ် ပြောင်းလဲအမှတ်စဉ်တပ်ရမည်။

(ဆ) ပုဒ်မခွဲ (ဎ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဎ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

၃။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေပုဒ်မ ၄ တွင် -

(က) ပုဒ်မခွဲ (ဃ) ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(င) ရေကြောင်းပြခ၊ ရေကြောင်းအသုံးပြုခ၊ ဆိပ်ကမ်းကပ်ခ၊ ကျောက်ချရပ်နားခ၊ ဆိပ်ကမ်းမြေနေရာအသုံးပြုခ၊ မြစ်ချောင်းရေအသုံးပြုခ၊ မြစ်ချောင်းများထိန်းသိမ်းရေးဆိုင်ရာ အခြား အခွန်အခများ သတ်မှတ်ခြင်း။"

၄။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၅ တွင် -

(က) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) မြို့များအလိုက် စိုးရိမ်ရေမှတ်များ သတ်မှတ်ရာတွင် မှန်ကန်မှုရှိစေရန်အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။"

(ခ) ပုဒ်မခွဲ (ဇ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဇ) ပုဒ်မခွဲ (ဇ) ပါ "ရေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရေးအတွက်" ဆိုသည့် စကားရပ်ရှေ့၌ "မြစ်ချောင်းများတွင်" ဆိုသည် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဂ) ပုဒ်မခွဲ (ဋ) ၏ နောက်တွင် ပုဒ်မခွဲ (ဋ-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဋ-၁)မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် စီးပွားရေးအလို့ငှာ နစ်မြုပ်ရေယာဉ်တူးဖော်ခွင့်ပြုရန် လျှောက်ထားချက်ကို စိစစ်၍ ခွင့်ပြုချက် ထုတ်ပေးခြင်း။"

(ဃ) ပုဒ်မခွဲ (ဎ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဎ) ရေကြောင်းပြခ၊ ရေကြောင်းအသုံးပြုခ၊ ဆိပ်ကမ်းကပ်ခ၊ ကျောက်ချရပ်နားခ၊ ဆိပ်ကမ်းမြေနေရာအသုံးပြုခ၊ မြစ်ချောင်းရေအသုံးပြုခ၊ မြစ်ချောင်းများ ထိန်းသိမ်းရေးဆိုင်ရာ အခြားအခွန်အခများ ကောက်ခံခြင်း။"

၅။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၆ တွင် -

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် ကမ်းထိန်းအဆောက်အဦများ၊ လွန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်း တည်ဆောက်ခြင်း၊ ဆိပ်ခံတံတား၊ လမ်း၊ ရေဆင်းတံတားဆောက်လုပ်ခြင်း၊ မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်း၊ မြောင်းဖော်၍ ရေသွယ်ယူခြင်း၊ မြစ်ရေအားအခြားနည်းဖြင့် အသုံးပြုခြင်း၊ လုပ်ကိုင်ခွင့်လျှောက်ထားခြင်းအပေါ် စိစစ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း။"

(ခ) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် အဆောက်အအုံများ၊ တံတားများ ဆောက်လုပ်ခွင့်နှင့် ပြင်ဆင်ခွင့် လျှောက်ထားခြင်းတို့အပေါ် စိစစ်ပြီး သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းသို့ သဘောထားမှတ်ချက်ပေးခြင်း။"

(ဂ) ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဆ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် စီးပွားရေးအလို့ငှာ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်း၊ မြစ်ကျောက်ထုတ်ခြင်းတို့အား စိစစ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း။"

(ဃ) ပုဒ်မခွဲ (ဆ) ၏ နောက်တွင် ပုဒ်မခွဲ (ဆ-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဆ-၁)ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတ ထုတ်ယူခြင်း နည်းလမ်း အမျိုးမျိုးဖြင့် ရေလုပ်ငန်းဆောင်ရွက်ခြင်းများ လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားချက်အပေါ် မြစ်ချောင်း ရေလမ်းကြောင်းများ ထိခိုက်နိုင်ခြင်း ရှိ မရှိ စိစစ်၍ သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းသို့ သဘောထားမှတ်ချက်ပေးခြင်း။"

(င) ပုဒ်မခွဲ (ဇ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဇ) ပုဒ်မခွဲ (ဇ) ပါ "မြစ်ချောင်းများအတွင်း" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(စ) ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဈ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် စီးပွားရေးအလို့ငှာ ငါး၊ ပုစွန်၊ ကဏန်း၊ ကဏန်းပျော့နှင့် အခြားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြေနေရာ အသုံးပြုခွင့် လျှောက်ထားခြင်းအပေါ် စိစစ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း။"

(ဆ) ပုဒ်မခွဲ (ည) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ည) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်၊ ကမ်းနားနယ်နှင့် ဆက်စပ်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်ချက်အရ မြစ်ချောင်းများအတွင်း တိုးချဲ့၍ မြေဖို့ပြုပြင်ခြင်းကြောင့် ရရှိလာသော မြေဧရိယာအား ဝန်ကြီးဌာန၏ လမ်းညွှန်မှု ဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။"

၆။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေပုဒ်မ ၇ ကို အောက်ပါအတိုင်း အစားထိုး ရမည် -

"၇။ ဦးစီးဌာနသည် မိမိလုပ်ငန်းတာဝန်များကို လိုအပ်ပါက မိမိလက်အောက်ရှိ ပြည်နယ်/ တိုင်းဒေသကြီး ဦးစီးမှူးရုံးများ၊ မြို့နယ်ဦးစီးမှူးရုံးများအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၇။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုး ရမည် -

၁၅။ မည်သူမျှ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ -

"(က) လွန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်းတည်ဆောက်ခြင်း၊ ဆိပ်ခံတံတား နှင့် ဖောတံတား၊ ရေဆင်းတံတား ဆောက်လုပ်ခြင်း၊ မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်း၊ ယာယီမြစ်ကူး ချောင်းကူးတံတား ဆောက်လုပ်ခြင်း မပြုရ။"

"(ခ) ငါး၊ ပုစွန်၊ ကဏန်း၊ ကဏန်းပျော့နှင့် အခြားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အလို့ငှာ မွေးမြူရေးကန်များ တူးဖော်ခြင်းမပြုရ။"

၈။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၂၃ ကို

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ပုဒ်မခွဲ (က) ပါ "ပို့ဆောင်ရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) ပုဒ်မခွဲ (ခ) ပါ "ဆောက်လုပ်ခြင်းမပြုရ" ဆိုသည့် စကားရပ်ကို "လမ်းများနှင့် ကမ်းထိန်း အဆောက်အဦများ၊ မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုရ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဃ) ရေကြောင်းပြခ၊ ဆိပ်ကမ်းကပ်ခ၊ ရေကြောင်းအသုံးပြုခနှင့် မြစ်ချောင်းများထိန်းသိမ်းရေး ဆိုင်ရာ အခြားအခွန်အခများပေးဆောင်ရန် ပျက်ကွက်ခြင်း၊ တိမ်းရှောင်ခြင်း၊ အခြား နည်းလမ်းများနှင့် အခွန်ငွေမပေးဆောင်ရအောင် ကြံရွယ်ဆောင်ရွက်ခြင်း၊ အခွန်ငွေ ကောက်ခံသူ ဝန်ထမ်းအား ရိုင်းပျစွာဆက်ဆံ၍ မထီမဲ့မြင်ပြုခြင်း၊ အခွန်ငွေပေးဆောင်ရန် ငြင်းဆိုခြင်း၊ ပျက်ကွက်ခြင်း၊ ရန်ပြုခြင်း၊ လက်ရောက်မှု ကျူးလွန်ခြင်း မပြုရ။"

၉။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၅ ကို အောက်ပါအတိုင်း အစားထိုး ရမည် -

"၂၅။ ပုဒ်မ ၂၅ ပါ "ကျပ် ၅၀၀၀၀ ထက်မပိုသော ငွေဒဏ်" ဆိုသည့် စကားရပ်ကို "အနည်းဆုံး ကျပ် ငါးသိန်းမှ အများဆုံး တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုး ရမည်။"

၁၀။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၆ ကို အောက်ပါအတိုင်း အစားထိုး ရမည် -

"၂၆။ ပုဒ်မ ၂၆ ပါ "ပြဋ္ဌာန်းချက်" ဆိုသည့် စကားရပ်ကို "တားမြစ်ချက်" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "ကျပ် ၃၀၀၀၀ ထက်မပိုသော ငွေဒဏ်" ဆိုသည့် စကားရပ်ကို "အနည်းဆုံး ကျပ် သုံးသိန်းမှ အများဆုံး ခုနစ်သိန်းထက်မပိုသော ငွေဒဏ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၁။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုး ရမည်။

"၂၇။ ပုဒ်မ ၂၇ ပါ "ကျပ် ၁၀၀၀၀ ထက်မပိုသောငွေဒဏ်" ဆိုသည့် စကားရပ်ကို "အနည်းဆုံးကျပ် တစ်သိန်းမှ အများဆုံး ငါးသိန်းထက်မပိုသော ငွေဒဏ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၂။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၃ ကို အောက်ပါအတိုင်း အစားထိုး ရမည် -

"၃၃။ The Obstructions in Fairways Act, 1881၊ The Defile Traffic Act, 1907၊ The Ports Act, 1908၊ ပြည်တွင်းရေကြောင်းသွား ရေယာဉ်ဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၂၉)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁) တို့နှင့် ယင်းဥပဒေများအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်အမှတ် (၁၅၁/၂၀၁၆)

၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်

(၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်)

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်တရားရုံး၊ တွဲဖက်မြို့နယ်တရားသူကြီး ဦးဇော်တင် (တ/၂၈၀၅) သည် ယင်းရုံး တရားမဇာရီမှုအမှတ် ၁၈/၂၀၁၆ (ဒေါ်နုနုထွေးနှင့် ဦးကျော်အေး) အမှုမှ တရားရှုံး ဦးကျော်အေးအပေါ် ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့ မြန်မာ့အလင်းသတင်းစာ၌ ကြော်ငြာရာတွင် တရားသူကြီးအမည်တံဆိပ်တုံး အသုံးပြုရာ၌ အမည်အား “ကွင်း” ဖြင့် ဖော်ပြထားမှုမရှိသည့်အပြင် အမည်ရှေ့တွင် “ဦး” ဟု ထည့်သွင်း ဖော်ပြထားခြင်းသည် သတင်းစာတိုက်သို့ ပေးပို့ရမည့်ကြော်ငြာကို စိစစ်မှုအားနည်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ထုတ်ပြန်ထားသော တရားသူကြီးများ၏ ကိုယ်ပိုင်တံဆိပ်တုံးများ တစ်ပြေးညီ အသုံးပြုရေးညွှန်ကြားချက်ကို လိုက်နာရန်ပျက်ကွက်ကြောင်း စိစစ်တွေ့ရှိရသည်။

၂။ သို့ဖြစ်ပါ၍ ဦးဇော်တင် (တ/၂၈၀၅) အား နောင်တွင် သတင်းစာကြော်ငြာထည့်သွင်းရာ၌ သေချာစွာ စိစစ်ရန်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် သတိပေးလိုက်သည်။

ထွန်းထွန်းဦး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်

(၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)

အမှတ် ၉၅၇ ။ ။ ရခိုင်ပြည်နယ်၊မောင်တောခရိုင်တရားရုံး၊ခရိုင်တရားသူကြီး ဦးမြင့်တင်(တ/၂၁၆၀)နှင့် ဒုတိယခရိုင်တရားသူကြီး ဦးညိုလွင်ဦး (တ/၂၅၀၂) တို့အား ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်း ဖြစ်ပွားသော ပြစ်မှုဆိုင်ရာမှုခင်းများကို စစ်ဆေးရန် မောင်တောခရိုင်တရားရုံး (ဘူးသီးတောင်မြို့ရုံးထိုင်) အဖြစ် ဘူးသီးတောင်မြို့သို့ အလှည့်ကျရုံးထိုင်ရန် ညွှန်ကြားလိုက်သည်။

ထွန်းထွန်းဦး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**အမိန့်ကြော်ငြာစာအမှတ် ၁၆၆/၂၀၁၆**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်

(၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

**လက်ထောက်ညွှန်ကြားရေးမှူး ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် တာဝန်ထမ်းဆောင်နေသော လစာနှုန်း (၂၈၀,၀၀၀ - ၄,၀၀၀ - ၃၀၀,၀၀၀) လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်အား ကိုယ်ရေးကိုယ်တာ အခက်အခဲများကြောင့် နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ လျှောက်ထားချက်နှင့် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ထောက်ခံတင်ပြချက်အရ မည်သည့် အကျိုးခံစားခွင့်ကိုမျှ ရယူခြင်းမပြုဘဲ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့ ညနေပိုင်းမှစ၍ ဆန္ဒအလျောက် ရာထူးမှနုတ်ထွက်ခွင့်ပြုလိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**အမိန့်ကြော်ငြာစာအမှတ် ၁၆၇/၂၀၁၆**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်

( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက် )

**အမိန့်ကြော်ငြာစာအား လွှမ်းမိုးပယ်ဖျက်ခြင်း**

ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်အား နုတ်ထွက်ခွင့်ပြုခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၆၆/၂၀၁၆ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက် )

အမှတ် ၁။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်စွဲပါ စာအမှတ်၊ ၁၁/၁၀၅-ရာထူးတိုးမြှင့်/ အဖရ (၁၈/၂၀၁၆) ဖြင့် အကြောင်းကြားချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ သတ်မှတ် ပညာအရည်အချင်းလျှော့ပေါ့၍ အထူးကိစ္စတစ်ရပ်အနေဖြင့် တိုးမြှင့်ခန့်ထားရန် ထောက်ခံထားသည့်

အောက်ဖော်ပြပါ ကွန်ပျူတာလုပ်ဆောင်ရေးမှူးအား ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် ယင်းနှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့ ညနေပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| **အမည်** | **မူလရာထူး/လစာနှုန်း** | **တိုးမြှင့်ခန့်ထားသည့် ရာထူး/လစာနှုန်း** |
|---|---|---|
| ဦးမြင့်အောင် | ကွန်ပျူတာလုပ်ဆောင်ရေးမှူး (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်
( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက် )

အမှတ် ၂။ ။၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၆) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်အောက်တွင် ကရင်ပြည်နယ် ဖာပွန်မြို့နယ်ရုံးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်ရုံး (၂) ရုံးတို့ကို ခရိုင်ရုံးအဆင့်သို့ တိုးမြှင့်၍လည်းကောင်း၊ ချင်းပြည်နယ် ခိုင်ကမ်းမြို့၊ လိုင်လင်းပီမြို့နှင့် ရခိုင်ပြည်နယ် ငပလီမြို့တို့တွင် မြို့ရုံး (၃)ရုံးတို့ကို အသစ်ဖွင့်လှစ်၍လည်းကောင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကို အရာထမ်းရာထူး (၁၉၁) နေရာ၊ အမှုထမ်းရာထူး (၄၀၈၂) နေရာ၊ စုစုပေါင်း ဝန်ထမ်းရာထူး (၄၂၇၃) နေရာဖြင့် ဝန်ထမ်းဖွဲ့စည်းပုံ ပြင်ဆင်တိုးချဲ့ ဖွဲ့စည်းလိုက်သည်။

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်
( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက် )

အမှတ် ၃ ။ ။ ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအခန်း (၆)၊ ပုဒ်မ (၁၉) အရလည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာ နည်းဥပဒေများ အခန်း (၆)၊ နည်းဥပဒေ (၂၃) (၂၄) အရလည်းကောင်း ဗီဒီယိုလုပ်ငန်းများ စိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော ပဲခူးတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

**ပဲခူးတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ**

(က) ဗိုလ်မှူးကြီးခင်မောင်ဌေး — ဥက္ကဋ္ဌ
ဝန်ကြီး
လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန

(ခ) ဦးအောင်ခန့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဂ) ရဲမှူးကြီးမျိုးမင်းထိုက် — အဖွဲ့ဝင်
တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး
တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး

(ဃ) ဦးနေလင်းစိုး — အဖွဲ့ဝင်
တိုင်းဒေသကြီးဦးစီးမှူး
တိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန

(င) ဦးစိုးစိုး — အဖွဲ့ဝင်
တိုင်းဒေသကြီးမန်နေဂျာ
တိုင်းဒေသကြီးမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

(စ) ဦးအောင်မြင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့

(ဆ) ဦးတင်ဦး — အဖွဲ့ဝင်
တိုင်းဒေသကြီးဥပဒေအရာရှိ
တိုင်းဒေသကြီးဥပဒေရုံး

(ဇ) ဦးအောင်မြင့်သန်း — အဖွဲ့ဝင်
ဥက္ကဋ္ဌ
တိုင်းဒေသကြီးဗီဒီယိုအခြေခံအဖွဲ့ခွဲ

(ဈ) ဦးလှမျိုးအောင် — အတွင်းရေးမှူး
တိုင်းဒေသကြီးဦးစီးမှူး
တိုင်းဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

## (ဝန်ကြီးရုံး)

၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်
( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက် )

အမှတ် ၄။ ။၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၇) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်၊ အရောင်းဌာနမှ ဦးစီးအရာရှိ (ထုတ်လုပ်) လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဒေါ်မြင့်သီတာခိုင် (ကပ-၆၄၁၁) အား ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်ရုံး၌ လစ်လပ်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူး (အရောင်း) လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ရာထူးနေရာသို့ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် )

အမှတ် ၅ ။ ။ ပြန်ကြားရေးဝန်ကြီးဌာနမှ အောက်ဖော်ပြပါအရာထမ်းအား ယင်းနှင့်ယှဉ်တွဲပါရာထူးနေရာသို့ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| **အမည်၊ လက်ရှိရာထူး၊ ဌာန** | **တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|
| ဦးမြင့်ကျော်<br>ညွှန်ကြားရေးမှူး<br>သုတေသနနှင့်သတင်းအချက်အလက်ဌာနခွဲ<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန<br>ပြည်ထောင်စုဝန်ကြီးရုံး |

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာအကောင်အထည်ဖော်ရေးဗဟိုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် ၆၂၇/၂၀၁၆

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်

(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်)

## နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လျှောက်ထားသည့် နိုင်ငံခြားသားနှင့် မြန်မာနိုင်ငံသားဟောင်းများအား လိုအပ်ချက်နှင့်အညီ စနစ်တကျ ရွေးချယ်စိစစ်ခွင့်ပြုခြင်းအတွက် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီ၏ တာဝန်များကို အထောက်အကူပြုနိုင်ရန် **"နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ"** ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေး၊ သုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဠ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဋ) တွဲဖက်အတွင်းရေးမှူး အဖွဲ့ဝင်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

(ဌ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

၂။ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမြဲနေထိုင်ခွင့်လျှောက်ထားချက်များကို စိစစ်၍ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ခ) အမြဲနေထိုင်ခွင့် သက်တမ်းတိုးလျှောက်ထားခြင်းကို စိစစ်အတည်ပြုခြင်း၊

(ဂ) အမြဲနေထိုင်ခွင့်လက်မှတ် ထုတ်ပေးခြင်း၊ သက်တမ်းအတည်ပြု မှတ်ပုံတင်ခြင်း၊ ပျောက်ဆုံး၊ ပျက်စီးခြင်းအတွက် မိတ္တူထုတ်ပေးခြင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် တင်ပြချက်များကို အတည်ပြုခြင်း၊

(ဃ) အမြဲနေထိုင်ခွင့်လက်မှတ်ရရှိထားသူ၏ ကိုယ်ရေးဖြစ်စဉ်ပြောင်းလဲခြင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် တင်ပြချက်များကို အတည်ပြုခြင်း၊

(င) အမြဲနေထိုင်ခွင့်ရရှိသူသေဆုံးခြင်းနှင့် အမြဲနေထိုင်ခွင့်လက်မှတ် ပြန်လည်အပ်နှံခြင်းနှင့် သက်ဆိုင်သောမှတ်တမ်းများထိန်းသိမ်းခြင်း၊

(စ) အမြဲနေထိုင်ခွင့်ရရှိသူအတွက် ဥပဒေက သတ်မှတ်ထားသော အခွင့်အရေးများ အပြည့်အဝ ခံစားနိုင်ရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) အမြဲနေထိုင်ခွင့်ရုပ်သိမ်းခြင်းနှင့် ပယ်ဖျက်ခြင်းဆိုင်ရာကိစ္စရပ်များကို အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ရန်ကြီးကြပ်ခြင်း၊

(ဇ) ဝန်ကြီးဌာန၊ အကောင်အထည်ဖော်ရေးဗဟိုကော်မတီက ထုတ်ပြန်ထားသော တားမြစ်ချက်များ၊ အမိန့်နှင့်ညွှန်ကြားချက်များကို သက်ဆိုင်သူများ သိရှိနားလည် လက်ခံနိုင်ရေးအတွက် စီမံခန့်ခွဲခြင်းနှင့် လမ်းညွှန်ခြင်း၊

(ဈ) ကျွမ်းကျင်မှုနှင့် ပညာအရည်အချင်းရှိသူများအားရွေးချယ်ရာတွင် အထောက်အကူပြုနိုင်ရန် လိုအပ်သောပညာရှင်များကို ခေါ်ယူဆွေးနွေး၍ အကြံဉာဏ်ရယူခြင်း၊

(ည) ဝန်ကြီးဌာနနှင့် အကောင်အထည်ဖော်ရေး ဗဟိုကော်မတီတို့က အခါအားလျော်စွာ ပေးအပ်သော နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

ဥက္ကဋ္ဌ
နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၇

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်

( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက် )

ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၇၆၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ နိုင်ငံ့ဝန်ထမ်းများ၏ အရည်အချင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်ကို အခြေပြု၍ ရာထူးတိုးမြှင့်ခန့်ထားနိုင်ရန် အကဲဖြတ်အမှတ်ပေးရာတွင် တစ်ပြေးညီ လိုက်နာကျင့်သုံးနိုင်ရေးအတွက် အရည်အချင်းသတ်မှတ်ချက်တစ်ခုစီအလိုက် အသေးစိတ်အချက်များကို သတ်မှတ်လိုက်သည်။

၁။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ (ဆ) အရ စိစစ်အကဲဖြတ်အမှတ်ပေးရာတွင် အောက်ပါအချက်များကို အခြေခံရမည်-

(က) **ပေးအပ်သောတာဝန်နှင့်ဝတ္တရားများကို ကျေပွန်အောင်ထမ်းရွက်ခြင်း** ၁၀ မှတ်

(၁) ပေးအပ်သောတာဝန်ကို လိုလားစွာ အလေးအနက်ခံယူဆောင်ရွက်ခြင်း၊

(၂) ပြီးဆုံးအောင်မြင်သည်အထိ ထိုးထွင်းကြံဆ၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း၊

(၃) အချိန်နှင့်တစ်ပြေးညီ ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်း။

(ခ) **လုပ်ငန်းကျွမ်းကျင်မှုရှိခြင်း** ၁၀ မှတ်

(၁) မိမိရာထူးအဆင့်နှင့် လျော်ညီစွာ လုပ်ငန်းတာဝန်များကို နားလည်သိရှိခြင်း၊ ကျွမ်းကျင်မှုရှိခြင်းနှင့် လုပ်ဖော်ကိုင်ဖက်များကို လုပ်ငန်းကျွမ်းကျင်မှုရှိစေရန် ပံ့ပိုးကူညီနိုင်ခြင်း၊

(၂) သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများ၏ အမိန့်နှင့်ညွှန်ကြားချက်များ၊ မူဝါဒများကို အကောင်အထည်ဖော် စွမ်းဆောင်နိုင်ခြင်း၊

(၃) လုပ်ငန်းတာဝန်များအပေါ် ကြီးကြပ်ကွပ်ကဲမှုအနည်းဆုံးဖြင့် မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ခြင်း၊

(၄) ကွန်ပျူတာနှင့်ဘာသာစကား ကျွမ်းကျင်မှုရှိခြင်း၊

(၅) သက်ဆိုင်ရာဌာနက စီမံခန့်ခွဲသည့် ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များ၊ ရုံးလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်း၊ စည်းကမ်းများကို သိရှိလိုက်နာဆောင်ရွက်နိုင်ခြင်း။

(ဂ) **ယုံကြည်စိတ်ချရခြင်း** ၁၀ မှတ်

(၁) လုံခြုံမှုအဆင့်အတန်းသတ်မှတ်ထားသည့် သတင်းအချက်အလက်များကို ပေါက်ကြားမှုမရှိစေရန် သတိပြုဆောင်ရွက်နိုင်ခြင်း၊

(၂) ကိုယ်ကျင့်တရားနှင့် ကိုယ်ကျင့်သိက္ခာ ကောင်းမွန်ခြင်း၊

(၃) လုပ်ငန်းတာဝန်များကို အမှားအယွင်းမရှိ တိကျသေချာစွာ အလေးအနက်ထားဆောင်ရွက်နိုင်ခြင်း၊

(၄) အထက်အကြီးအမှူးများက အပြည့်အဝ တာဝန်ပေးလွှဲအပ်နိုင်ခြင်း။

(ဃ) **လေ့လာဆည်းပူးခြင်း** ၁၀ မှတ်

(၁) ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဖွင့်လှစ်သည့် သင်တန်းများ တက်ရောက်ပြီးခြင်း၊

(၂) ဌာနဆိုင်ရာလုပ်ငန်းခွင်သင်တန်းများ တက်ရောက်ပြီးခြင်း၊ လုပ်ငန်းတာဝန်နှင့် ဌာနအတွက် အထောက်အကူပြုပညာရပ်များ လေ့လာဆည်းပူးခြင်း၊

(၃) မိမိဌာန၏ မူလလုပ်ငန်းတာဝန်များအပြင် အခြားသော ဌာန၊ အဖွဲ့အစည်းများနှင့် ဆက်စပ်ဆောင်ရွက်နိုင်ခြင်း၊

(၄) ဝန်ကြီးဌာန၏ ရည်ရွယ်ချက်ကိုသိရှိပြီး မိမိတာဝန်ကို ကျေပွန်အောင် လေ့လာဆည်းပူးဆောင်ရွက်နိုင်ခြင်း။

(င) **ကြိုးစားမှုရှိခြင်း** ၁၀ မှတ်

(၁) ပေးအပ်သောတာဝန်များကို ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်း၊

(၂) သင်တန်းများတွင် ထူးချွန်ဆုရရှိခြင်း၊

(၃) အရည်အချင်းပြည့်ဝနေစေရန် စဉ်ဆက်မပြတ် လေ့လာမှတ်သားဆောင်ရွက်ခြင်း၊

(၄) မိမိတာဝန်နှင့် ဆက်စပ်နေသည့်၊ ဘာသာရပ်၊ ပညာရပ်ဆိုင်ရာ လုပ်ငန်းများကို ကိုယ်တိုင်ဆောင်ရွက်နိုင်ခြင်း၊

(၅) ဌာနမှ ချီးမြှင့်သည့် ဆုတံဆိပ်၊ လက်မှတ်များရရှိခြင်း၊

(၆) နိုင်ငံတော်က ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များ ရရှိခြင်း။

(စ) **တီထွင်ကြံဆတတ်ခြင်း** ၁၀ မှတ်

(၁) လုပ်ငန်းခွင်အခက်အခဲများကို ပူးပေါင်းညှိနှိုင်းမှုဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်း၊

(၂) သမားရိုးကျမဟုတ်ဘဲ လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ခြင်း၊

(၃) ကျယ်ပြန့်စွာ စဉ်းစားတွေးခေါ်နိုင်ခြင်း၊

(၄) ဖြတ်ထိုးဉာဏ်ကောင်းခြင်းနှင့် ဝေဖန်ပိုင်းခြားတတ်ခြင်း။

(ဆ) **ရုံး၊ အလုပ်ရုံစည်းကမ်းများကို လိုက်နာခြင်း** ၁၀ မှတ်

(၁) ရုံးလုပ်ငန်းလက်စွဲနှင့် လုပ်ထုံးလုပ်နည်းများကို သိရှိလိုက်နာခြင်း၊

(၂) ဌာနဆိုင်ရာစည်းမျဉ်း၊ စည်းကမ်းများကိုလိုက်နာခြင်း၊

(၃) နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများနှင့် ကျင့်ဝတ်များကို လိုက်နာခြင်း၊

(၄) နိုင်ငံတော်၏ မူဝါဒနှင့် တည်ဆဲဥပဒေ၊ နည်းဥပဒေများကို သိရှိလိုက်နာခြင်း။

(ဈ) **အများအကျိုးအတွက် စေတနာ့ဝန်ထမ်းဆောင်ရွက်ခဲ့ခြင်း** ၁၀ မှတ်

(၁) လူမှုအကျိုးပြုလုပ်ငန်းများတွင် စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်ခဲ့ခြင်း၊

(၂) သက်ဆိုင်ရာဌာနအကျိုးအတွက် အနစ်နာခံဆောင်ရွက်ခဲ့ခြင်း၊

(၃) လူမှုရေးအဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ခြင်း၊

(၄) မိမိလုပ်ငန်းတာဝန်ကို စေတနာထားဆောင်ရွက်ခြင်း။

(ဉ) **ဆက်ဆံရေးပြေပြစ်ခြင်း** ၁၀ မှတ်

(၁) ဌာနတွင်းရှိ ဝန်ထမ်းများနှင့် လိုက်လျောညီထွေ ဆက်ဆံဆောင်ရွက်တတ်ခြင်း၊

(၂) အခြားဝန်ထမ်းအဖွဲ့အစည်းများနှင့် အဆင်ပြေချောမွေ့စွာ ပေါင်းစပ်ဆောင်ရွက်နိုင်ခြင်း၊

(၃) အဖွဲ့အစည်း၏ ဂုဏ်သိက္ခာ မြင့်မားစေရန် စွမ်းဆောင်နိုင်ခြင်း၊

(၄) ပြည်သူကို ရိုသေလေးစားစွာ ဝန်ဆောင်မှုပေးခြင်း။

(ည) **ခေါင်းဆောင်မှုပေးနိုင်ခြင်း** ၁၀ မှတ်

(၁) တာဝန်ရှိမှု၊ တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း၊

(၂) ဦးစားပေးအဆင့်အလိုက် လုပ်ငန်းတာဝန်ကို ခွဲဝေဆောင်ရွက်နိုင်ခြင်း၊

(၃) လုပ်ငန်းတာဝန်များကို ကြိုတင်စဉ်းစား တွေးခေါ်ဆောင်ရွက်နိုင်ခြင်း၊

(၄) အထက်အရာရှိအား သတင်းပို့တင်ပြခြင်း၊ လမ်းညွှန်မှုခံယူခြင်း၊ လက်အောက်သို့ ညွှန်ကြားပြသပေးခြင်းနှင့် လိုအပ်ပါက ကိုယ်တိုင်ပါဝင် ဦးစီးလုပ်ကိုင်ဆောင်ရွက်ခြင်း၊

(၅) နိုင်ငံတော်ဘဏ္ဍာငွေနှင့် နိုင်ငံပိုင်ပစ္စည်းများကို လေလွင့်ဆုံးရှုံးမှု မရှိစေရန် စနစ်တကျ ဆောင်ရွက်နိုင်ခြင်း၊

(၆) စည်းကမ်းနှင့်ပတ်သက်၍ စံနမူနာပြဖြစ်ခြင်း၊

(၇) ဝန်ထမ်းများကို စည်းလုံးညီညွတ်စွာဖြင့် ရည်မှန်းချက်ရောက်ရှိအောင် စည်းရုံးဆောင်ရွက်နိုင်စွမ်းရှိခြင်း။

၂။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၄၇ အရ စိစစ်အကဲဖြတ်အမှတ်ပေးရာတွင် အောက်ပါအချက်များကို အခြေခံရမည် -

(က) **ခေါင်းဆောင်မှုပေးနိုင်ခြင်း** ၂၀ မှတ်

(၁) တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိပြီး စံနမူနာပြဆောင်ရွက်နိုင်ခြင်း၊

(၂) လုပ်ငန်းပိုင်းဆိုင်ရာများကို တတ်သိကျွမ်းကျင်၍ လုပ်ငန်းတာဝန်ကို ခွဲဝေဆောင်ရွက်စေနိုင်ခြင်း၊

(၃) လုပ်ငန်းတာဝန်များကို ကြိုတင်စဉ်းစားတွေးခေါ် ဆောင်ရွက်နိုင်ခြင်း၊

(၄) အထက်အရာရှိအား သတင်းပို့တင်ပြခြင်း၊ လမ်းညွှန်မှုခံယူခြင်း၊ လက်အောက်သို့ သင်ကြားပြသပေးခြင်းနှင့် လိုအပ်ပါက ကိုယ်တိုင်ပါဝင် ဦးစီးလုပ်ကိုင်ဆောင်ရွက်ခြင်း၊

(၅) မှန်ကန်သည့်ဆုံးဖြတ်ချက်ကို ချမှတ်နိုင်ခြင်း၊

(၆) နိုင်ငံတော်ဘဏ္ဍာငွေနှင့် နိုင်ငံပိုင်ပစ္စည်းများကို လေလွင့်ဆုံးရှုံးမှု မရှိစေရန် စနစ်တကျ ဆောင်ရွက်နိုင်ခြင်း၊

(၇) စည်းကမ်းနှင့်ပတ်သက်၍ စံနမူနာပြဖြစ်ခြင်း၊

(၈) ဝန်ထမ်းများကို စည်းလုံးညီညွတ်စွာဖြင့် ရည်မှန်းချက်ရောက်ရှိအောင် စည်းရုံးဆောင်ရွက်နိုင်စွမ်းရှိခြင်း။

(ခ) **ယုံကြည်စိတ်ချရခြင်း** ၂၀ မှတ်

(၁) လုံခြုံမှုအဆင့်အတန်းသတ်မှတ်ထားသည့် သတင်းအချက်အလက်များကို ပေါက်ကြားမှုမရှိစေရန် သတိပြုဆောင်ရွက်နိုင်ခြင်း၊

(၂) ကိုယ်ကျင့်တရားနှင့် ကိုယ်ကျင့်သိက္ခာကောင်းမွန်ခြင်း၊

(၃) အဂတိတရား ကင်းရှင်းစွာ ဆောင်ရွက်ခြင်း၊

(၄) လုပ်ငန်းတာဝန်များကို အမှားအယွင်းမရှိ တိကျသေချာစွာအလေးအနက် ထား ဆောင်ရွက်နိုင်ခြင်း။

(ဂ) **လုပ်ငန်းကျွမ်းကျင်မှုရှိခြင်း** ၂၀ မှတ်

(၁) ဌာနဆိုင်ရာ သင်တန်းများ၊ ရာထူးဝန်အဖွဲ့မှသတ်မှတ်ထားသော သင်တန်းများ တက်ရောက်ပြီးခြင်း၊

(၂) လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ပေးနိုင်ခြင်း၊

(၃) ဌာန၊ အဖွဲ့အစည်း၏ ဂုဏ်သိက္ခာမြင့်မားစေရန် စွမ်းဆောင်နိုင်ခြင်း၊

(၄) စီမံအုပ်ချုပ်မှုလုပ်ငန်းများတွင် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ခြင်း၊

(၅) ဌာနအဖွဲ့အစည်းများ၏ အမိန့်နှင့်ညွှန်ကြားချက်များ၊ မူဝါဒများကို အကောင်အထည်ဖော် စွမ်းဆောင်နိုင်ခြင်း။

(ဃ) **တာဝန်ကိုလိုလားစွာထမ်းဆောင်ခြင်း** ၂၀ မှတ်

(၁) ပေးအပ်သောတာဝန်ကို လိုလားစွာ အလေးအနက်ခံယူ ဆောင်ရွက်ခြင်း၊

(၂) နည်းလမ်းကြံဆ၍ အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်း၊

(၃) မိမိအားပေးအပ်လာမည့် တာဝန်ကို လက်ခံဆောင်ရွက်ရန် အဆင်သင့် ရှိခြင်း၊

(၄) ဦးလည်မသုန် ဆောင်ရွက်တတ်ခြင်း။

(င) **ဆက်ဆံရေးပြေပြစ်ခြင်း** ၂၀ မှတ်

(၁) လုပ်ငန်းနှင့်ဆက်စပ်လျက်ရှိသော ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်နိုင်ခြင်း၊

(၂) အခြားဝန်ထမ်းအဖွဲ့အစည်းများနှင့် အဆင်ပြေချောမွေ့စွာ ပေါင်းစပ် ဆောင်ရွက်နိုင်ခြင်း၊

(၃) ပြည်သူဗဟိုပြု ဝန်ဆောင်မှုလုပ်ငန်းများ ချောမွေ့စေရန် ညှိနှိုင်း ဆောင်ရွက်နိုင်ခြင်း၊

(၄) ဌာနတွင်းရှိ ဝန်ထမ်းများနှင့် လိုက်လျောညီထွေ ဆက်ဆံဆောင်ရွက် တတ်ခြင်း။

ဒေါက်တာဝင်းသိမ်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက် ( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
### အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၁၆

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်
( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက် )

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဌာနစုမှူး ဦးဗိုလ်ဝင်းအား လစ်လပ်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ရာထူးနေရာသို့ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဇော်သန်းသင်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး။

### ပြည်သူ့လွှတ်တော်ရုံး
### အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၇)

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်
( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် )

၁။ ပြည်သူ့လွှတ်တော်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးမာအား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ အပိုဒ် ၉၃ အရ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် နံနက်ပိုင်းမှ ၁၅ ရက် ညနေပိုင်းထိ ဆေးလက်မှတ်ခွင့် (၁၄) ရက်ခံစားခွင့်ပြုကြောင်းနှင့် ခွင့်ခံစားနေစဉ်ကာလအတွင်း ဌာနချုပ်မှ ထွက်ခွာခွင့်ပြုလိုက်သည်။

၂။ ခွင့်မှပြန်လာသောအခါ ဒေါ်အေးအေးမာအား လက်ထောက်ညွှန်ကြားရေးမှူး၏ တာဝန်များကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်တွင် ပြန်လည်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

(ပုံ) တင်ဝင်းအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့လွှတ်တော်ရုံး။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

### အမိန့်ကြော်ငြာစာအမှတ် ၁၅၉/၂၀၁၆

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်

(၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်)

### လုပ်သက်ခွင့်ခံစားခွင့်ပြုခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး လက်အောက်ခံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အသီးသီးတွင် တာဝန်ထမ်းဆောင်နေသော အောက်ဖော်ပြပါ အရာထမ်းများအား မြန်မာနိုင်ငံခွင့်ပေးရေး နည်းဥပဒေ ၁၀ (က) နှင့် ၁၈ (၁) (က)၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၇ တို့နှင့်အညီ ယင်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြပါရက်များအတိုင်း လုပ်သက်ခွင့်များ ခံစားခွင့်ပြုလိုက်သည် -

| စဉ် | အမည် | ရာထူး | ခွင့်ကာလ |
|---|---|---|---|
| **ချင်းပြည်နယ်** | | | |
| (၁) | ဒေါ်ဟန်မီမီကျော် | ဦးစီးအရာရှိ | ၁၂-၁၂-၂၀၁၆ မှ ၂၁-၁၂-၂၀၁၆ (၁၀) ရက် |
| **ပဲခူးတိုင်းဒေသကြီး** | | | |
| (၂) | ဒေါ်မာမာမြင့် | ဦးစီးအရာရှိ | ၁၂-၁၂-၂၀၁၆ မှ ၁၅-၁၂-၂၀၁၆ (၄) ရက် |

တင်ထွန်း၊

ညွှန်ကြားရေးမှူးချုပ်၊

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး။

## စစ်ရာထူးခန့်ချုပ်ရုံး

## (ကြည်းတပ်ဌာနစု)

၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်

( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက် )

အမှတ် ၁၆၅/၂၀၁၆။ ။ အောက်ဖော်ပြပါအရာခံဗိုလ်အား ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၆၇) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

မြသွင် ကြည်း ၇၁၄၈၅

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လူအေး၊

စစ်ရာထူးခန့်ချုပ်၊

စစ်ရာထူးခန့်ချုပ်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်<br>( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက် ) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ

**Future Plus Mining Co., Ltd.**

ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် ကြေညာချက်

၁။ Future Plus Mining Co., Ltd. ကို အစုရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းရန် (၁-၂-၂၀၁၇) နေ့တွင်ကျင်းပသော သာမန်ထက် ထူးကဲသောအထူးအထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ခင်ဝင်းရီ [၁၂/ဗဟန(နိုင်) ၀၃၃၇၂၂] အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်-ရရန် ရှိသည်များကို (၃-၃-၂၀၁၇) နေ့နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်ခင်ဝင်းရီထံ အထောက်အထားဖြင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

U Win Htike
Managing Director
Future Plus Mining Co., Ltd.

Daw Khin Win Yi
Liquidator
No. 189, 2nd Fl. (left), Middle Block,
39th Street, Kyauktada Township, Yangon.

ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ
အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

**ရွှင်ယဲ (လ်) ပဲရဲဂဲ (န်) ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်**

**(ROYAL PARAGON CONSTRUCTION COMPANY LIMITED)**

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်နေ့တွင်ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ **ရွှင်ယဲ (လ်) ပဲရဲဂဲ (န်) ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် (ROYAL PARAGON CONSTRUCTION COMPANY LIMITED.)** ကို အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်မေမေတင့် [ဘီကွမ်း (အေအေ) စီပီအေ] အား ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်နေ့မှစ၍ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ မတ်လ (၃) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| ဦးလှမြင့်ဆွေ | မေမေတင့် |
| မန်နေးဂျင်းဒါရိုက်တာ | [ဘီကွမ်း (အေအေ)၊ စီပီအေ] |
| ရွှင်ယဲ (လ်) ပဲရဲဂဲ (န်) ဆောက်လုပ်ရေး | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ကုမ္ပဏီလီမိတက် | အမှတ် (၂၂၅)၊ (ဒုထပ်)၊ ၃၈ လမ်း၊ |
| | ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ
အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းခြင်း
စန္ဒြာ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်

**(SANDRAR TRADING COMPANY LIMITED)**

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်နေ့တွင်ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ **စန္ဒြာ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (SANDRAR TRADING COMPANY LIMITED)** ကို အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်မေမေတင့် [ဘီကွမ်း (အေအေ) စီပီအေ] အား ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်နေ့မှစ၍ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ မတ်လ (၃) ရက်နေ့ထက်နောက်မကျစေဘဲ၊ အောက်ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| ဦးလှမြင့်ဆွေ | မေမေတင့် |
| မန်နေးဂျင်းဒါရိုက်တာ | [ဘီကွမ်း (အေအေ) စီပီအေ] |
| စန္ဒြာ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| | အမှတ် (၂၂၅)၊ (ဒုထပ်)၊ ၃၈ လမ်း၊ |
| | ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

**မိုးမြင်းမိုရ် ရက်ဆော့ (စ်) စစ် လီမိတက်**

**(MOE MYINMOE RESOURCES LIMITED)**

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **မိုးမြင်းမိုရ် ရက်ဆော့ (စ်) စစ် လီမိတက် (MOE MYINMOE RESOURCES LIMITED)** အား (၃၀-၁-၂၀၁၇) ရက်နေ့မှစ၍ အစုဝင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စန်းကြည် **[B.Com (Q), C.P.A]** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ မတ်လ (၃) ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| U Moe Zaw | ဒေါ်စန်းကြည် |
| Managing Director | [B.Com (Q), C.P.A] |
| MOE MYINMOE RESOURCES LIMITED | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

**ကြယ်တစ်ဆယ့်တစ်ပွင့် အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်**

**(ELEVEN STAR INTERNATIONAL COMPANY LIMITED.)**

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ကြယ်တစ်ဆယ့်တစ်ပွင့် အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက် (ELEVEN STAR INTERNATIONAL COMPANY LIMITED)** အား (၃၀-၁-၂၀၁၇) ရက်နေ့မှစ၍ အစုဝင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် **ဒေါ်စန်းကြည် [B.Com (Q), C.P.A]** အား စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ မတ်လ (၃) ရက်နေ့ နောက်ဆုံးထား၍ အောက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| U Madhusudana Rao @ U Kyaw Myint | ဒေါ်စန်းကြည် |
| Managing Director | [B.Com (Q), C.P.A] |
| ELEVEN STAR INTERNATIONAL COMPANY LIMITED | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## ADF MYANMAR LIMITED

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၈ - င အရ၊ ဖျက်သိမ်းဆဲ **ADF MYANMAR LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်းကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကိုရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးကျင်းပမည့်နေ့ - (၃-၃-၂၀၁၇)

အစည်းအဝေးကျင်းပမည့်အချိန် - နံနက် (၀၉း၀၀) နာရီ

အစည်းအဝေးကျင်းပမည့်နေရာ - တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့်ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## MYANMAR LION TRADING COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၈ - င အရ၊ ဖျက်သိမ်းဆဲ **MYANMAR LION TRADING COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကိုရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးကျင်းပမည့်နေ့ - (၃-၃-၂၀၁၇)

အစည်းအဝေးကျင်းပမည့်အချိန် - နံနက် (၁၀း၀၀) နာရီ

အစည်းအဝေးကျင်းပမည့်နေရာ - တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့်ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## SEVEN STAR TRADING COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၈ - င အရ ဖျက်သိမ်းဆဲ **SEVEN STAR TRADING COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကိုရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | (၃-၃-၂၀၁၇) |
| အစည်းအဝေးကျင်းပမည့်အချိန် | - | နံနက် (၁၁း၃၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့်ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## INDO ORIENTAL TRAVELS & TOURS CO., LTD.

**ဖျက်သိမ်းရန် ကြော်ငြာချက်**

၁။ **INDO ORIENTAL TRAVELS & TOURS CO., LTD.** ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသောသာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးကျော်ဆွေ | ဦးဇင်ဝေ |
| Managing Director | [B. Com, C.P.A (210)] |
| INDO ORIENTAL TRAVELS & TOURS CO., LTD. | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အလိုအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

**မြန်မာရာသီစုံ ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်**

**(Myanmar All Seasons Services Co., Ltd.)**

သာမန်ထက်ထူးကဲသော အစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်အရ **မြန်မာရာသီစုံ ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်** အား (၇-၁-၂၀၁၇) ရက်နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ပြီး ဖြစ်ပါသည်။

ဒေါ်စောမြတ်မွန် (B.Com, C.P.A) အမှတ် ၂၂၇/၈၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၂၈-၂-၂၀၁၇) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်တင်တင်မိုး
မန်နေးဂျင်းဒါရိုက်တာ
မြန်မာရာသီစုံ ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်၏
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဒေါ်စောမြတ်မွန်
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**Pelatron Inc ., (Branch Office of Myanmar)**
**(Under Liquidation)**

[ Under Section 208 (E) of Myanmar Company Act]

Calling the Final Meeting regarding the winding-up of **Pelatron Inc., (Branch Office of Myanmar)** pursuant to section 208 (E) of Myanmar Company Act, the Final Meeting which is in the course of winding-up will be held as follows, all shareholders are cordially invited to attend the Final Meeting in order to seek for the consent of shareholders. At the meeting the liquidator reports shall be presented.

The meeting will be held as follows;

| | | |
|---|---|---|
| Date | : | 28th February, 2017 |
| Time | : | (10.00 am) |
| Place | : | New Building (2), Room (4), Pha Sa Pa La Housing, Mingalar Taung Nyunt Township, Yangon. |

U Than Aung
(B. Com, C.P.A, D.C.Sc)
LIQUIDATOR
U THAN AUNG & ASSOCIATES
Ph: 0973244225

ပ၊ ထ၊ န - အမှတ် ၆၆၃/၁၆/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၂၀၀/၃-၂-၂၀၁၇။